ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့၊ (13-2-2007) (၅၂၃၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃-၂-၂၀၀၇
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငြိမ်းချမ်းရေး တံခါး တည်ဆောက် နိုင်ငံတော်နှင့်ပြည်သူ့အကျိုး တံခါးစဥ်သယ်ပိုး

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ၊ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် အလားအလာကောင်းများ ရရှိဖြစ်ထွန်းနေသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား စည်းလုံးညီညွတ်မှုများ မကြုံစဖူး ထူးကဲစွာ ရရှိနေသည်။

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့၏ မေတ္တာစေတနာ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းချက်များကို ယုံကြည်လက်ခံ တန်ဖိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၃၀၉ဦးနှင့် မိသားစုဝင် ၁၁ဦးတို့သည် ငြိမ်းချမ်းရေး ရယူခဲ့ကြပြီဖြစ်သည်။

ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထိုကော်ကိုးကျေးရွာ၌ ကျင်းပခဲ့ရာ တပ်မတော်မှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက အဆိုပါအဖွဲ့အား နွေးထွေးပျူငှာပျော်ရွှင်စွာ ကြိုဆိုကြသည်။

နိုင်ငံတကာနှင့် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကို သုံးသပ်ကြည့်ပါက တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးများကို တည်ဆောက်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရစဉ်က ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသများကို အစွမ်းကုန်မြှင့်တင်ပေးလိုသော်လည်း ငြိမ်းချမ်းရေးရယူလာကြသည့် အဖွဲ့အစည်းများရှိရာ ဒေသများတွင်သာ ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် အခြား ပြည်နယ်အသီးသီးရှိ ငြိမ်းချမ်းရေးရယူခဲ့သည့် ဒေသများသည် အထူးဒေသများအဖြစ် နေ့ချင်းညချင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ငြိမ်းချမ်းရေးရယူလာသူ မိသားစုများအပါအဝင် ဒေသခံပြည်သူများသည် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများ တောင့်တင်းခိုင်မာလာကာ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

ထို့ကြောင့်ပင် ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)က ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲများကို ဖယ်ရှားပြီး လက်နက်ကိုင်တိုက်ပွဲများ ကင်းစင်သည့် ငြိမ်းချမ်းရေး အခြေခံဒေသများ တည်ဆောက်ရန် ငြိမ်းချမ်းရေးရယူခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီအနေဖြင့် စေတနာနှင့်လုပ်ရပ်မှန်ကန်သည့် တပ်မတော်အစိုးရနှင့် လက်တွဲဆောင်ရွက်လာခြင်းသည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ သမိုင်းကြောင်းကို နိုင်ငံတော်၏ သမိုင်းရေး လိုအပ်ချက်နှင့် ပေါင်းစပ်လိုက်ခြင်းဖြစ်သည်။

သို့ဖြစ်ရာအကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးရယူရန် ကျန်ရှိနေသေးသည့် အဖွဲ့အစည်းများက ငြိမ်းချမ်းရေးတံခါး တည်ဆောက်ကြခြင်းဖြင့် ကရင်ပြည်နယ်အပါအဝင် နယ်မြေဒေသအားလုံး ငြိမ်းချမ်းသာယာမှုများ လွှမ်းခြုံပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်လာနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါသည်။ ။

ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်ရှိ တက္ကသိုလ်များနှင့် သုတေသနဌာနများ လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးလွင်ထွန်းလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောသုတေသနဌာန၊ သစ်တောတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာနများသို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဒေါက်တာ မြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယပါမောက္ခချုပ်က မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် မွေးမြူရေးအစားအစာနှင့် ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာနများ၊ ခန္ဓာဗေဒဆိုင်ရာ ပြကွက်၊ ရောဂါဗေဒဌာန၊ အဏုဇီဝဗေဒဌာနများသို့ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် သစ်တောသုတေသနဌာနသို့ ရောက်ရှိကြရာ စုဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးအုန်းဝင်းက သစ်တော သုတေသနဌာန၏ ရည်မှန်းချက်၊ သစ်တောစီမံ၊ စိုက်ပျိုးပြုစုရေးဌာန ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် သစ်မျိုးသန့် ပြန့်ပွားရေးနှင့် ရက္ခဗေဒဌာန၊ ရေမြေသားငှက်နှင့် သစ်တော သယံဇာတဌာန၊ သစ်တောကာကွယ်ရေးဌာန၊ သစ်ဂုဏ်သတ္တိနှင့် အသုံးချရေးဌာန၊ သစ်တောစက်မှုဌာန၊ ဘဏ္ဍာရေးနှင့် ကျွမ်းကျင်မှုအထောက်အကူပြုဌာန၊ သုတေသနကြီးကြပ်ရေးနှင့် တိုးချဲ့ ပညာပေးရေးဌာနတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် သစ်တောတက္ကသိုလ်သို့ သွားရောက်လေ့လာကြရာ ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဦးဝင်းကြည်က တက္ကသိုလ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် သစ်တောတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းမှတစ်ဆင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဒေါက်တာ မြင့်သောင်းနှင့် တာဝန်ရှိသူတို့က တက္ကသိုလ်နှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် စိုက်ပျိုးရေး ရက္ခဗေဒဌာန၊ ဓာတုဗေဒဌာန၊ အပင်ရောဂါဗေဒဌာန၊ ကိမိလနှင့် သတ္တဗေဒဌာနများသို့ အဖွဲ့များခွဲ၍ လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာနသို့ ရောက်ရှိကြကာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးအောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တာဝန်ရှိသူများက ရေဆင်းစိုက်ပျိုးရေး သုတေသန ဦးစီးဌာနနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ခင်းကျင်းပြသထားသော ဇီဝနည်းပညာ သုတေသနပြကွက်၊ မြေသြဇာများ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနပြကွက်၊ မျိုးစေ့ဘဏ် သုတေသနလုပ်ငန်းများ၊ စက်မှုကုန်ကြမ်းသီးနှံ သုတေသနပြကွက်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းမှ တစ်ဆင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် မော်တော်ယာဉ်များဖြင့် တည်းခိုရေးစခန်းသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ လေ့လာ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်ရှိ သစ်တောသုတေသနဌာနတွင် လေ့လာကြစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ပျဉ်းမနားမြို့ (Top One Store)နေ ဦးကိုကို-ဒေါ်ဝါဝါ (ခ) ဒေါ်ဌေးဌေးလှိုင်၊ သမီး မသီရိသဇင်၊ မသီရိရွှေစင်၊ မယဉ်ယဉ်ဖြူဖြူပိုင် မိသားစုတို့က သားကြီး မောင်ကျော်သူငြိမ်းချမ်း (သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်) (၁၀)နှစ်ပြည့်အား ရည်စူး၍ ငွေကျပ် ၅၀၀၀၀၀ ကို ဖေဖော်ဝါရီ ၆ ရက်က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (မဇ္ဈာစရိယ)ထံ ဆက်ကပ်လှူဒါန်းအပြီးတွေ့ရစဉ်။ (ကြေးမုံ)

ထီးတော်တင်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မင်္ဂလာဒုံမြို့နယ် (၂/ခ)ရပ်ကွက်ရှိ သရက်ကုန်း ပရိယတ္တိစာသင်တိုက်အတွင်း"မာန်ပြေရန်ပြေ"ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ထီးတော်တင်ပွဲနှင့် သာသနာ့အလင်းရောင် အလယ်တိုက်ကျောင်းဆောင်သစ်ကြီး၊ မုခ်ဦးနှင့် တံတိုင်း ရေစက်ချ အလှူတော်မင်္ဂလာပွဲ ကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ဆရာတော်၊ သံဃာတော်များအား အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးမြင့်စိုး (ပွင့်လန်း)နှင့် အလှူရှင်များက ဒါတဗ္ဗ လှူဖွယ်ပစ္စည်း အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း ရေစက်ချ အမျှသွန်းဝေခဲ့ကြောင်း သိရသည်။ (၅၃၂)

☆ **ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့်ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက်များ၊ နေပြည်တော်ရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏ္ဏာမဧည့်ခံတီးလုံးဖြင့် လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတနှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ညစာသုံးဆောင် အပြီးတွင် မြို့တော်ခန်းမဝင်းအတွင်းရှိ လဟာပြင်ကဇာတ်ရုံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရှင်များက **"အနုအလှ သုခုမအက"**၊ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက **"မားဂေါ်တော်(ခေါ်)လုပ်ငန်းခွင်"** သရုပ်ဖော်အက၊ မွန်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက**"ရမ္မာဝတီယိမ်းအက"**၊ ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"ရင့်ကျက်တဲ့ ပြည်ထောင်စုအသိ"**၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"သျှိုင်ဒိုင်ယိမ်း အက"**၊ ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"စည်းလုံးချစ်ကြည် ယုံကြည်မည်"** စုပေါင်းအက၊ ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"စုစည်းညီညီ စည်းလုံးမည်"** စုပေါင်းအက၊ တနင်္သာရီတိုင်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"ကမ်းရိုးတန်းက ဖိတ်ခေါ်သံအက"**၊ ချင်းပြည်နယ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"ဒတ်လမ်း(ခေါ်)အောင်ပွဲခံ"**အက၊ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"ပန်းဥယျာဉ်ဝယ် ဆိုကြ ကကြမယ်"** တေးသရုပ်ဖော်အစီအစဉ်တို့ဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေ တင်ဆက်ကြသည်။ (သတင်းစဉ်)

ရောင်စုံမီးများ ထွန်းညှိ

၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံးအဆောက်အအုံများနှင့် မြို့တော်ခန်းမတို့တွင် ရောင်စုံမီးများ ထွန်းညှိထားကြစဉ်။

(သတင်း–စာမျက်နှာ ၅)

(သတင်းစဉ်)

(13-2)03.P65 1 1/14/32, 4:08 AM

အမေရိကန် စစ်လေယာဉ်များ ဆိုက်ရောက်လာမှု အိုကီနာဝါကျွန်းသားများ ကန့်ကွက်ဆန္ဒပြ

ကာဒီနာ(ဂျပန်) ဖေဖော်ဝါရီ ၁၁

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန် စစ်စခန်းအနီးတွင် စနေနေ့က စစ်ဆန့်ကျင်ရေး ငြိမ်းချမ်းရေး လှုပ်ရှားသူ ရာပေါင်းများစွာက ဆန္ဒပြခဲ့ကြကြောင်း၊ အိုကီနာဝါကျွန်းရှိ ကာဒီနာလေတပ်စခန်းသို့ အမေရိကန် ဂျက်တိုက်လေယာဉ် ၁၂စင်း ဆိုက်ရောက်မှုကို ကန့်ကွက်ဆန္ဒပြကြကြောင်း ဖေဖော်ဝါရီ ၁၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

လေတပ်စခန်း

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းရှိ ကာဒီနာ လေတပ်စခန်းသည် ပစိဖိတ်သမုဒ္ဒရာဒေသရှိ အမေရိကန် စစ်ဘက်လေယာဉ်ကွင်းများအနက် အကြီးဆုံး လေယာဉ်ကွင်း တည်ရှိရာဖြစ်သည်။

ကန့်ကွက်

ကာဒီနာ လေတပ်စခန်းသို့ အမေရိကန် အက်ဖ်-၂၂ တိုက်လေယာဉ်များ ဆိုက်ရောက်လာမှုကို ကန့်ကွက်သည့်အနေဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြကြောင်း၊ အဖမ်းခံရသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်စစ်စခန်းအနီးတွင် ကန့်ကွက်ဆန္ဒပြနေကြသူများကို ဖေဖော်ဝါရီ ၁၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြည်ပရောက် ကျွမ်းကျင်ပညာရှင် မလေးရှားနိုင်ငံသားများ မိခင်နိုင်ငံသို့ ပြန်လာစေရန် ဆွဲဆောင်မှုအစီအစဉ် ထုတ်ပြန်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၁

ပြည်ပနိုင်ငံများတွင် နေထိုင်လျက်ရှိသည့် ကျွမ်းကျင်ပညာရှင် မလေးရှားနိုင်ငံသားများအား အမိနိုင်ငံသို့ ပြန်လာစေရန် ဆွဲဆောင်သည့်အနေဖြင့် လိုက်လျောခွင့်ပြုမှု အများအပြား ပေးထားသည့် အစီအစဉ်တစ်ရပ်ကို မကြာသေးမီက ထုတ်ပြန်ခဲ့သည်။

ထိုအစီအစဉ်တွင် မိခင်နိုင်ငံသို့ ပြန်လာသော မလေးရှားနိုင်ငံသား၊ နိုင်ငံသူများ၏ နိုင်ငံခြားသား ဇနီး၊ ခင်ပွန်းများကို မလေးရှားနိုင်ငံ၌ အလုပ်လုပ်ကိုင်ခွင့်ပေးမည့် လိုက်လျောမှုလည်း ပါဝင်ကြောင်းသိရသည်။

ထိုဇနီး၊ ခင်ပွန်းများသည် မလေးရှားနိုင်ငံတွင် အမြဲနေထိုင်သူ အဆင့်အတန်း (ပီအာရ်)လျှောက်ထားစဉ် အချိန်၌ ပင်လျှင် အလုပ်လုပ်ကိုင်ခွင့်ရကြမည် ဖြစ်သည်ဟု လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဖောင်ချန်အွန်က ဖေဖော်ဝါရီ ၈ ရက်တွင် ဒေသဆိုင်ရာ သတင်းဌာန များသို့ ပြောကြားသည်။

ကျွမ်းကျင်သူ မလေးရှားနိုင်ငံသားများ အနေဖြင့် မိခင်နိုင်ငံသို့ ပြန်ဝင် လာမည်ဆိုလျှင် ပြည်ပမှ ကားနှစ်စီးကို အကောက်ခွန်မဲ့ တင်သွင်းခွင့်ရမည်သာမက ပြည်တွင်းလုပ် ကားနှစ်စီးကိုလည်း အခွန်ပေးဆောင်စရာမလိုဘဲ ဝယ်ယူခွင့်ရမည်ဖြစ်သည်။ ထို့အပြင် ပြည်ပ၌ အလုပ်လုပ်ခဲ့သော နှစ်နှစ်စာ ဝင်ငွေအပေါ်၌လည်း အခွန်ကင်းလွတ်ခွင့် ပေးမည်ဖြစ်ကြောင်း သိရသည်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၇ ခုနှစ် ဇန်နဝါရီလအထိ မလေးရှားနိုင်ငံသို့ ပြန်လာလိုကြောင်း လျှောက်ထားသူ ကျွမ်းကျင်ပညာရှင် မလေးရှားနိုင်ငံသားဦးရေမှာ ၉၈၅ ဦးအထိရှိကြောင်း သတင်းက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အကြမ်းဖက်တိုက်ခိုက်မည်ကို စိုးရိမ် လန်ဒန်မြို့ရှိ ညကပွဲရုံရှစ်ခု ယာယီပိတ်ထား

လန်ဒန် ဖေဖော်ဝါရီ ၁၁

ဗြိတိန်နိုင်ငံ ဘုရင့်မိသားစုဝင်လူငယ်များ၊ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များနှင့် နာမည်ကျော် အားကစားသမားများ လာရောက် ကျက်စားလေ့ရှိသည့် လန်ဒန်မြို့တော်မှ ထိပ်တန်း ညကပွဲရုံရှစ်ရုံကို ယာယီပိတ်ထားလိုက်ကြောင်း မီဒီယာသတင်းများအရ သိရှိရသည်။

ယင်းညကပွဲရုံများတွင် မေဖဲယားရပ်ကွက်မှ ချိုင်နားဝှိုက်၊ မိုဒီဗာနှင့် ပါဂီယာတို့ပါဝင်သည်ဟု သတင်းစာက ရေးသားသည်။

ထောက်လှမ်းရေးသတင်း ရပြီးသည့်နောက် မိမိတို့သည် ညကပွဲရုံရှစ်ရုံမှ ကိုယ်စားလှယ်များနှင့် အဆက်အသွယ်ပြုလုပ်ခဲ့ကြသည်ဟု လန်ဒန်မြို့တော် ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုအချိန်အခါတွင် လူထုအတွက် လုံခြုံမှုရှိစေရေးသည် အရေးကြီးလျက်ရှိနေသဖြင့် အဆိုပါကပွဲရုံများကို ပိတ်ထားရန် မေတ္တာရပ်ခံခဲ့ခြင်း ဖြစ်သည်ဟု သတင်းစာတွင် ရေးသားထားသည်။

လုံခြုံရေးအစောင့်များနှင့် ညကပွဲရုံလာသူများ လွန်ခဲ့သည့် ရက်သတ္တပတ်က မပြေမလည်မှု ဖြစ်ပွားခဲ့ပြီးနောက် အထက်ပါအတိုင်း အစီအစဉ်များ ချမှတ်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ကပွဲရုံလာ ပရိသတ်များက လက်စားချေတိုက်ခိုက်မှုများ ပြုလုပ်လာမည်ကို စိုးရိမ်ရသဖြင့် ယင်းသို့ ပိတ်ပင်ခံရခြင်းဖြစ်သည်ဟု အီဗီးနင်းစတင်းဒတ် သတင်းစာက ရေးသားသည်။

အမ်အင်အေ၊ ရိုက်တာ။

ရုရှားလုပ်ဆူခွိုင်းတိုက်လေယာဉ်များ အိန္ဒိယလေတပ် ဝယ်ယူမည်

ဘင်္ဂလော(အိန္ဒိယ) ဖေဖော်ဝါရီ၁၁

အိန္ဒိယနိုင်ငံက ရုရှားနိုင်ငံမှ ဆူခွိုင်း-၃၀အမျိုးအစား တိုက်လေယာဉ် ၄၀ ကို မတ်လကုန်တွင် ဝယ်ယူမည့် စာချုပ်ကို လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း အိန္ဒိယ လေတပ်အကြီးအကဲကကြာသပတေးနေ့တွင်ပြောကြားလိုက်သည်။

အဆိုပါလေယာဉ် တစ်စင်းလျှင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် တန်ဖိုးရှိမည်ဟု မှန်းဆရပြီး သုံးနှစ်အတွင်း အဆိုပါလေယာဉ်များ ရရှိမည်ဖြစ်သည်ဟု လေတပ်ဦးစီးချုပ် တိုင်ယာဂျီက ပြောကြားသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း မိမိတို့အနေဖြင့် ဖော်ပြပါ စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ဖွယ် ရှိသည်ဟု ဘင်္ဂလောမြို့တွင် သတင်းစာဆရာများသို့ တိုင်ယာဂျီက ပြောကြားသည်။

အိန္ဒိယလေတပ်တွင် အက်စ်ယူ-၃၀ လေယာဉ်များရှိသည်။ အိန္ဒိယလေတပ်က ဟောင်းနွမ်းနေပြီဖြစ်သည့် မစ်-၂၁၊ မစ်-၂၃နှင့် မစ်-၂၇ တိုက်လေယာဉ်များ၏နေရာတွင် တိုက်လေယာဉ် ၁၂၆စင်းဖြင့် အစားထိုးဝယ်ယူဖြည့်တင်းသွားရန် မကြာမီတင်ဒါများ ခေါ်တော့မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝေလငါး ဖမ်းဆီးမှု ကန့်ကွက်

ပစိဖိတ် သမုဒ္ဒရာအတွင်း ဝေလငါးဖမ်းဆီးသည့် ဂျပန်ငါးဖမ်းသင်္ဘော တစ်စင်းအား ပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားမှုအဖွဲ့ သင်္ဘောတစ်စင်းက ကန့်ကွက်နေသည်ကို ဖေဖော်ဝါရီ ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ကျွန်းရှိ အော်ရန်ဂူတန် မျောက်ဝံဘေးမဲ့ စခန်းတစ်ခုကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မည်

နယူးဒေလီ ဖေဖော်ဝါရီ ၁၁

အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့သည် ဓာတ်ငွေ့ဝယ်ယူရေးအတွက် ဈေးနှုန်းညှိနှိုင်းဆောင်ရွက်မှုများ ပြီးစီးလျှင် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံတန်ဖိုးရှိသော ဓာတ်ငွေ့ပိုက်လိုင်းကို တည်ဆောက်ကြမည်ဖြစ်သည်။ ယင်းလုပ်ငန်းအတွက် ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့၏ နောက်ဆုံးဆုံးဖြတ်ချက်ကိုရရှိလျှင် လက်မှတ်ရေးထိုးရန် အိန္ဒိယနိုင်ငံက မျှော်လင့်ထားကြောင်း အိန္ဒိယရေနံလုပ်ငန်းဝန်ကြီး မူလီဒီအိုရာက ဆင်ဟွာသတင်းဌာနသို့ ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားသည်။

အဆိုပါ ပိုက်လိုင်းကို အသုံးပြု၍ အီရန်နိုင်ငံမှ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သို့ တစ်နေ့လျှင် ဓာတ်ငွေ့ကုဗမီတာ သန်း ၆၀ တင်ပို့ရန် စီမံထားသည်။ အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဓာတ်ငွေ့သိုက် ဒုတိယအများဆုံး တည်ရှိသောနိုင်ငံဖြစ်သည်။ ပါကစ္စတန်မြေပေါ်မှ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းခ အပါအဝင် အခြားကိစ္စရပ်များကို ဆွေးနွေးရန် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့မှ အတွင်းဝန်အဆင့်ရှိ ဆွေးနွေးပွဲကို လာမည့်ရက်သတ္တပတ် နှစ်ပတ်အကြာတွင် ကျင်းပမည်ဖြစ်သည်ဟု ဒီအိုရာက ပြောကြားသည်။ ယင်းဆွေးနွေးပွဲ၌ အီရန်နိုင်ငံသည် လေ့လာသူအဖြစ် ပါဝင်တက်ရောက်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား နေပြည်တော်၌ ခမ်းနားထည်ဝါစွာကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်း ကြိုးပမ်းရေး ဟူသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရပြည့်စွာဖြင့် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ခမ်းနားထည်ဝါစွာ ကျင်းပသည်။

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ ရင်ပြင်၌ ကျင်းပစဉ်။

(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်များ၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ၂၀၀၇ခုနှစ်နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင် ဖတ်ကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများ၌ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် နံနက် ၅နာရီခွဲတွင် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား လွှင့်တင်သည်။

ချီတက်နေရာယူ

ဆက်လက်၍ နံနက် ၇နာရီခွဲတွင် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊လေ)ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရှိ ရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက်တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအားအလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့ကနိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သောသဝဏ်လွှာကို၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က ဖတ်ကြားသည်။

တပ်မတော်အရာရှိကြီးများ၊ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုရုံးအကြီးအကဲများ၊ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရုံးအဖွဲ့မှူးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံး၊ အစိုးရအဖွဲ့ရုံး၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးနှင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးတို့မှ အရာထမ်း အမှုထမ်းများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပျဉ်းမနားခရိုင်နှင့် ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ပညာရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒေသရေးရာညှိနှိုင်းရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၉၀၀၀ကျော်တို့ တက်ရောက်ကြသည်။

နေရာယူ

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများသည် နံနက် ၅နာရီမှ စတင်၍ စုရပ်အသီးသီးမှ

ထို့နောက် တိုင်းမှူးအားဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး တိုင်းမှူး ပြန်လည်ထွက်ခွာသွားကာ ဂုဏ်ပြုတပ်ဖွဲ့နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြို့တော်ခန်းမ ဥပစာရင်ပြင်မှ စနစ်တကျ ပြန်လည်ထွက်ခွာကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံး အဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် ရောင်စုံမီးများ ထွန်းညှိထားကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃–၂–၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အဖေ့နေရာတရားတော် (အရှင်အာစာရာလင်္ကာရ ဆရာတော်)
၈း၀၀	ကလေးများနဲ့ကျန်းမာရေး (ဒေါက်တာခင်စပယ်အေး)
၈း၁၀	Music Gallery (အိအိချွန်)
၈း၄၀	လမ်းပြကြယ်များ
၉း၀၀	တေးဂီတအစီအစဉ်
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	Sunday Talk
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	လူငယ်စွမ်းအား ပိုမြင့်မား တားဆီးတိုက်ဖျက် AIDS
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	မေတ္တာပန်းတို့လန်းဆန်းရာ ဟသ်ာတမေတ္တာဝါဒီ ပရဟိတဂေဟာ
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ်(အပိုင်း–၃)
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ပျော်ရွှင်စရာ မျက်လှည့်ကမ္ဘာ (အပိုင်း–၁)
၁၂း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၅	ရေငွေ့သုံး ဆန်အရောင်တင်စက်
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	မနီတို့၏ ရွာနှင့်မြစ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Middlesbrough-Bristol City	5-Sports(Live)

စာရေးဆရာသည် လူမုန်းခံရ၊ အသတ်ခံရတတ်၏

ငါးမင်းဆွေ

လွန်ခဲ့သော လေးနှစ်က အမေ အသည်းအသန်ဖြစ်၍ ကျိုက္ခမီတွင် ကျွန်တော်တို့မောင်နှမများ ဆုံဖြစ်ကြသည်။ အစ်ကို ကိုစောအုန်းက "မင်းဆွေ မင်းလဲ ပျောက်နေတာပဲ၊ ဘာတွေလုပ်နေသလဲ"ဟု မေးသဖြင့် "ကျွန်တော်စာရေးနေတယ် အစ်ကို"ဟု ဖြေလိုက်ပါသည်။ ထိုအခါ အစ်ကို ကိုစောအုန်းက "ငါ့ညီက တယ်ဟုတ်ပါလား ဘာစာတွေရေးနေတုံး၊ ရည်းစားစာတော့မဖြစ်နိုင်ပါဘူး"ဟု ကျီစယ်ပါသည်။

ကျွန်တော်လည်းမနေသာတော့ဘဲ "ကျွန်တော်တို့မသေမီ"ဆိုသည့် စာအုပ်တစ်အုပ်ကို ပြုစုရေးသားနေကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးတို့ကို ရေးသားထားကြောင်း ဆက်ပြောမိရာ အစ်ကို ကိုစောအုန်းက "ဟေ့မင်းဆွေ ကြည့်လဲလုပ်ဦးကွာ၊ စာရေးဆရာဆိုတာ လူမုန်းခံရတတ်တယ်" ဟူ၍လည်းကောင်း၊ အစ်မငယ် မစောမြင့်ကလည်း "ဟုတ်တယ် မင်းဆွေ၊ ငါဆို ဟိုစာရေးဆရာကို နုပ်နုပ်စဉ်းပစ်ချင်တယ်"ဟူ၍လည်းကောင်း ပြောလာကြပါသည်။ အစ်မငယ်၏ စကားကြောင့် ကျွန်တော်ပြုံး လိုက်မိသည် တော်တော်ကြာ သူနုပ်နုပ်စဉ်းချင်သော လူစာရင်းတွင် ကျွန်တော်လည်းပါနေမလားဘဲဟု တွေးမိလိုက်၍ ဖြစ်ပါသည်။

အစ်ကိုက " ဒီမှာမင်းဆွေ၊ စာရေးဆရာဆိုတာ အသတ်ခံရတတ်တယ်နော်၊ ကမ္ဘာပေါ်မှာ အသတ်ခံခဲ့ရတဲ့ စာရေးဆရာတွေ အများကြီးရှိခဲ့တယ်၊ ဒို့မြန်မာနိုင်ငံမှာလည်း ရှိခဲ့တယ်။ စာရေးဆရာကြီး သိန်းဖေမြင့်ဆိုရင် "တက်ဘုန်းကြီး" ဝတ္ထုရေးမိလို့ သူ့ကို သတ်မယ်၊ ဖြတ်မယ် ဖြစ်ကြသေးတယ်၊ နောက်ပြီး စာရေးဆရာကြီးမင်းဆွေဆိုလဲ ပျောက်သွားတာကနေ ပြန်ပေါ်မလာတော့ဘူး"ဟု စိုးရိမ်တကြီး ပြောလာပြန်ပါသည်။

စကားလမ်းကြောင်းသင့်နေသဖြင့် ကျွန်တော်က "ဟုတ်ပါတယ် အစ်ကို၊ အဲဒီစာရေးဆရာကြီး မင်းဆွေဟာ (၄၆) လမ်းမှာ နေသွားခဲ့တာပါ။ ၁၉၄၉ ခုနှစ်မှာ ဆေးလိပ်သွားဝယ်မယ်ဆိုပြီး လမ်းထိပ်ထွက်သွားရာကနေ ပြန်ပေါ်မလာတော့ဘူး"ဟု ဆက်ပြောမိရာ "အေး–မင်းလဲ သတိထားဦး ငါ့ညီ(၄၉)လမ်းမှာနေတဲ့ မင်းဆွေလဲ ဘီယာသွားဝယ်မယ်ဆိုပြီး ပျောက်သွားဦးမယ်"ဟူ၍ အစ်ကိုက သတိပေး စကားပြောကြားသွားပါသည်။

"ကျွန်တော်တို့မသေမီ" အမည်ရှိ စာအုပ်ကို ထုတ်ဝေခွင့်ရရန် စာပေစိစစ်ရေးသို့ ၂၀၀၃ခုနှစ်တွင် တင်ပြခဲ့ပါသည်။ စာပေစိစစ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးက ကျွန်တော်၏ စာအုပ်ကို ထုတ်ဝေခွင့်ပြုရန် စာပေစိစစ်ရေးမှ အဆုံးအဖြတ်မပေးနိုင်၍ ဗဟိုစာပေနှင့် မှတ်ပုံတင်အဖွဲ့သို့ တင်ပြထားကြောင်းရှင်းပြသည်။ လတ်တလောအခြေအနေအရ ဤစာအုပ်မှာ ထုတ်ဝေခွင့်မရဖို့ကများကြောင်း၊ ကျွန်တော်၏ ရေးသားတင်ပြပုံမှာ ကောင်းမွန်ကြောင်း၊ ထိုစာအုပ်ကိုထုတ်ဝေခွင့်မရခဲ့လျှင်လည်း စိတ်မပျက်ဘဲ ဆက်လက်ရေးသားစေလိုကြောင်း အားပေးခဲ့ပါသည်။ "ကျွန်တော်တို့မသေမီ" အမည်ရှိစာအုပ်သည် ထုတ်ဝေခွင့်မရခဲ့ပါ။ မိမိမသေမီမှာ ထုတ်ဝေခွင့် မရလျှင်လည်း မိမိသေပြီးက ထုတ်ဝေခွင့်ရချင်ရလိမ့်မည်ဟု တွက်ဆပြီး ထိုစာအုပ်ကို သမီးကြီးသဲပိုင်ဦးအား ပေးထားလိုက်ပါသည်။

၂၀၀၅ ခုနှစ်တွင် ကျိုက္ခမီ အထက ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်သောကြောင့် စာရေးရန် အခွင့်အရေး ပေါ်ခဲ့ပါသည်။ ကျွန်တော့်အား ပညာသင်ပေးခဲ့သော ကျောင်းတော်ကြီးဖြစ်၍ အမိကျောင်းတော်ကြီးအတွက် ကိုယ်စွမ်း၊ဉာဏ်စွမ်းရှိသမျှ အားထုတ်ရေးသားဖြစ်ပါသည်။ " သချိုင်းကအပြန်"၊ "လောကနိဗ္ဗာန်ရောက်ခြင်း"ကဗျာနှစ်ပုဒ်နှင့် "ဘဝနှင့်ပညာ"ဆောင်းပါးများ ဖော်ပြခြင်းခံခဲ့ရပါသည်။

၂၀၀၅ ခုနှစ် ကုန်ပိုင်းတွင် ရန်ကုန်တိုင်းမ်ဂျာနယ်သို့ "မျှော်လင့်ချက်တို့ မဝေးစေလိုပါ" ဆောင်းပါးကိုပေးပို့ခဲ့ရာ ဖော်ပြခြင်းခံခဲ့ရပါသည်။ ကျွန်တော်လည်း အားတက်လာပြီး ဆက်လက်ရေးသားခဲ့ရာ ရန်ကုန်တိုင်းမ်ဂျာနယ်တွင် ဝမ်းနည်းခြင်းရဲ့မျက်ရည်များ၊ အပြင်းဆုံးအဆိပ်၊ ပဲပြုတ်သည်မလေးနှင့်အထူးကုဆရာဝန်ကြီး၊ ဆင်နှင့်နဂါးကြားက ဝေလငါး၊ ခြလားပျားလား၊ မေ့မရသည့် ငယ်ချစ်ဟောင်း စသည့်ဆောင်းပါးများ ဖော်ပြခြင်းခံခဲ့ရပါသည်။

"မေ့မရသည့်ငယ်ချစ်ဟောင်း" ဆောင်းပါးတွင် သောင်းကျန်းသူတို့၏ ကော့ပွန်တောင် လူသတ်ပွဲကြီးကို ထုတ်ဖော်ရေးသားခဲ့ပါသည်။ ထိုလူသတ်ပွဲကြီးတွင် အပြစ်မဲ့ပြည်သူ ၆၀ ကျော်ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုအသတ်ခံရသူများထဲတွင် ကျွန်တော့်ဆားကွင်းမှ ဆားအလုပ်သမ မွန်အမျိုးသမီးကြီး ဒေါ်ငွေနှင့် မွန်သမီးပျိုလေး မိအေးသိန်းတို့လည်း ပါဝင်သွားခဲ့ပါသည်။ ထိုလူသတ်ပွဲကြီးသည် အနှစ် ၂၀ခန့်ကြာခဲ့ပြီဖြစ်သော်လည်း အသတ်ခံရသော ဒေါ်ငွေ၏ သမီးအူဝဲကို ကျွန်တော်မေးကြည့်မိရာ သူ့အမေကိုသတ်ခဲ့သော လူသတ်သမားများကို ခွင့်မလွှတ်နိုင်ကြောင်း ငိုယို၍ပြောခဲ့ပါသည်။

ကျွန်တော်သည် မေ့မရသည့် ငယ်ချစ်ဟောင်းစာမူကို ရန်ကုန်တိုင်းမ်ဂျာနယ်သို့မပေးပို့မီ "မင်းဆွေ၊ စာရေးဆရာဆိုတာ အသတ်ခံရတတ်တယ်" ဆိုသော အစ်ကို၏စကားကို သတိရမိလိုက်သည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုစာမူအား ရန်ကုန်တိုင်းမ်သို့ပေးပို့လိုက်ပါသည်။ ရန်ကုန်တိုင်းမ်ကလည်း ကော့ပွန်တောင်လူသတ်ပွဲကြီးကို မှတ်တမ်းတင်ဖော်ပြခဲ့ပါသည်။ ရန်ကုန်တိုင်းမ်ကို လေးစားမိပါသည်။ ကျွန်တော်၏ဖော်ထုတ်ရေးသားချက်နှင့် ရန်ကုန်တိုင်းမ်၏ ဖော်ပြပေးမှုတို့ကြောင့် ကော့ပွန်တောင်လူသတ်ပွဲကြီးကို သမိုင်းစာမျက်နှာတွင် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

၂၀၀၆ ခုနှစ် ကုန်ပိုင်းတွင် "၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့" ဆောင်းပါးကိုရေးခဲ့ပါသည်။ ထိုဆောင်းပါးကို နေ့စဉ်ထုတ်သတင်းစာများက ဖော်ပြပေးခဲ့ပါသည်။ ထိုဆောင်းပါး သတင်းစာထဲပါလာပြီးနောက် ကျွန်တော်သည် တက္ကစီကားစီးသည့်အခါ ကျွန်တော် မည်သူ မည်ဝါဟု မပြောဘဲ ထိုဆောင်းပါးအကြောင်းကို တီးခေါက်မေးမြန်းကြည့်ပါသည်။ ကျွန်တော်မေးမြန်းခဲ့သော တက္ကစီသမားတိုင်းက ထိုဆောင်းပါးကို လက်ခံသဘောကျကြပါသည်။ တက္ကစီသမားတစ်ဦးက "သတင်းစာထဲမှာ ဒီလိုရေးလာနိုင်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ နောက်ပိုင်းမှာ အဲဒီစာရေးသူ အဖမ်းခံရနိုင်တယ်"ဟု ပြောသွားပါသည်။ တက္ကစီသမားတစ်ယောက်ကတော့"ဒီစာရေးဆရာဟာ လုပ်စားတာဖြစ်လိမ့်မယ်၊ သူဟာလုပ်ငန်းရှင်တစ်ယောက်ဖြစ်လျက်နဲ့ ကိုယ်ပိုင်ကားတစ်စီးတောင်မရှိဘူးလို့ ရေးထားတယ်။ ကားတစ်စီး သိန်းငါးရာ၊တစ်ထောင်ဖြစ်နေချိန်မှာ ရေးပုံထောက်တော့ ဒီလူကအစိုးရဆီက ကားပါမစ်လိုချင်လို့ဖြစ်မယ်"ဟု မှတ်ချက်ပေးသွားပါသည်။ ထိုတက္ကစီသမား၏စကားကြောင့် ကျွန်တော် ရုတ်တရက်စိတ်ထိခိုက်သွားပါသည်။ ကျွန်တော်စာရေးခြင်းသည် နိုင်ငံနှင့်လူမျိုးအကျိုး တစ်ခုတည်းအတွက်သာဖြစ်ပါသည်။ ကျွန်တော့်အတွက် အကျိုး တစ်စုံတစ်ရာကိုမျှ လုံးဝမျှော်ကိုးခြင်းမရှိပါ။

ကျွန်တော်သည် အစိုးရကို မျက်နှာလိုမျက်နှာရလုပ်ပြီး စာရေးနေခြင်း မဟုတ်ပါ။ အတိုက်အခံနှင့် ပြည်ပနိုင်ငံအဖွဲ့အစည်းများအလိုကျ စာရေးနေခြင်းလည်း မဟုတ်ပါ။ စာရေးခြင်းကြောင့်အစိုးရမှ ပေးကမ်းလာမည့် မည်သည့်အခွင့်အရေးကိုမျှလည်း ယူမည်မဟုတ်ပါ။ **နိုင်ငံနှင့်လူမျိုး အကျိုးကို ဗန်းပြပြီး မိမိအကျိုးအတွက် လုပ်ဆောင်သူသည် အချောင်သမား၊ အခွင့်အရေးသမားဖြစ်သည်။ ကျွန်တော်တို့သည် နိုင်ငံသားတိုင်း ရရှိသင့်သော နိုင်ငံသားအခွင့်အရေး၊ လူသားတိုင်း ရရှိသင့်သော လူ့အခွင့်အရေးကိုသာ တန်ဖိုးထားကြရပါမည်။ နိုင်ငံနှင့်လူမျိုးအကျိုးဟုဆိုပြီး မိမိနှင့်မိမိ မိသားစု အကျိုးအတွက် လုပ်ဆောင်နေသော အချောင်သမားတို့သည် သူတောင်းစားထက်ပင် အောက်တန်းကျပါသည်။**

ယနေ့အချိန်တွင် နိုင်ငံနှင့်လူမျိုးအကျိုးကို ဗန်းပြပြီး မိမိအကျိုးအတွက် လုပ်စားနေသူ အမြောက်အမြား ရှိကြပါသည်။ အချို့ဆိုလျှင် ဒေါ်လာငွေ သိန်းသန်းချီ၍ ရသွားကြသည်။ ၁၉၄၆ ခုနှစ် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက ဗိုလ်ချုပ်အောင်ဆန်းအား ရှမ်းအဘိုးကြီးတစ်ယောက်က ဗိုလ်ချုပ်အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုတွင် မိသားစုအတွက် နောက်ဆံမတင်းဘဲ လုပ်ကိုင်နိုင်ရန်၊ ဗိုလ်ချုပ်မိသားစု သုံးစွဲနိုင်ရန်ဆိုပြီး ရွှေချောင်းများ လာပေးဖူးပါသည်။ ထိုရွှေချောင်းများကို ဗိုလ်ချုပ်က လက်မခံခဲ့ပါ။ **ယနေ့အချိန်တွင် နိုင်ငံနှင့်လူမျိုးအကျိုးကို ဗန်းပြပြီး ပြည်ပအဖွဲ့အစည်း မျိုးစုံထံမှ မိမိကိုယ်ကျိုးအတွက် ငွေကြေးအထောက်အပံ့ ယူနေသော အချောင်သမားအများအပြား ရှိနေပါသည်။ ပြည်ပဆန့်ကျင်ဘက် အဖွဲ့အစည်းများအလိုကျ လိုက်ပါလုပ်ဆောင်နေသဖြင့် အနည်းဆုံး ဆုတစ်ခုမှ အများဆုံး ဆုပေါင်း ၈၀ ကျော် ၉၀ နီးပါး ရရှိနေသူများရှိကြောင်း မြန်မာပြည်သူများ သိထားပြီးဖြစ်ပါသည်။**

၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် "ငရဲမင်းနှင့်ငမင်းဆွေ" ဆောင်းပါးနှင့် "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆောင်းပါးတို့ကို ဆက်လက်ရေးသားခဲ့ပါသည်။ ၉-၁-၂၀၀၇ ရက်နေ့နှင့် ၁၀-၁-၂၀၀၇ ရက်နေ့တို့တွင် ထိုဆောင်းပါးနှစ်ပုဒ်ကို သတင်းစာများက ဆက်တိုက် ဖော်ပြခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ခိုက်ရေးသားသော ဆောင်းပါး ယနေ့ထုတ် မြန်မာသတင်းစာများတွင် ပါရှိလာသည်ဟု ၁၀-၁-၂၀၀၇ ရက်နေ့ ညနေပိုင်းတွင် RFA က လွှင့်ထုတ်သွားသည်။ NLD မှ ဦးမြင့်သိန်းကလည်း ဆောင်းပါးရေးသူသည် ပြည်သူလူထုကို စော်ကားလိုက်ခြင်း ဖြစ်သည်ဟု ပြောပြန်သည်။ ၁၉၇၄ ခုနှစ်က ၁၀တန်းကျောင်းသား အရွယ်သာရှိသေးသော စာရေးသူက မစုရေဟု သုံးနှုန်းလိုက်ခြင်းကို ရန်ကုန် စာဖတ်ပရိသတ်အများစုက မကျေမနပ် ဖြစ်နေကြသည်ဟု RFA က တွန်းပို့သွားပြန်သည်။ ကျွန်တော်သည် ဒေါ်စုကြည်ကို တိုက်ခိုက်ရေးသားခြင်း မဟုတ်ပါ၊ တင်ပြရေးသားခြင်းသာ ဖြစ်ပါသည်။ စာဖတ်သူများကို စော်ကားခြင်းမဟုတ်ပါ။ စာဖတ်သူများ အပါအဝင် ပြည်သူလူထုကို ချမ်းသာကောင်းစားစေလိုသည့် စိတ်ရင်း စေတနာဖြင့် ရေးသားခြင်းဖြစ်ပါသည်။

၁၉၇၄ ခုနှစ်က ၁၀ တန်းကျောင်းသား ကျွန်တော်သည် ယခုအခါ အသက်(၅၀) နီးနီးရှိပြီဆိုသည်ကို RFA ဝန်ထမ်းများ သိရှိကြပါလိမ့်မည်။ ဒေါ်စုကြည်သည် အသက်(၆၁)နှစ် ရှိပြီဆိုသည်ကိုလည်း RFA ဝန်ထမ်းများ သိရှိကြပါသည်။ ထို့အပြင် ကျွန်တော့်အစ်မအကြီးဆုံး ဒေါ်ညိုသည် ဒေါ်စုကြည်ထက်ပင် တစ်နှစ်ကြီးပါသည်။ အစ်မကြီးဒေါ်ညိုကိုလည်း မညိုဟုသာ ကျွန်တော် ခေါ်လေ့ရှိပါသည်။ ကျွန်တော့်ထက် ၁၀နှစ်သာသာကြီးသော၊ ကျွန်တော်တို့ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်စုကြည်ကို အစ်မအရင်းတစ်ယောက်ပမာ သဘောထားခံစားမိပြီး "မစု" ရေ ဟု မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုအတိုင်း ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ ဤသည်ကို မြန်မာတိုင်းကလည်း နားလည်သဘောပေါက်ကြပါသည်။

၁၉၇၄ ခုနှစ်တုန်းက ၁၀ တန်း ကျောင်းသားသာ ရှိသေးသော ဆောင်းပါးရှင်က ဒေါ်အောင်ဆန်းစုကြည်ကို "မစုရေ"ဟု သုံးနှုန်းလိုက်ခြင်းကြောင့် ရန်ကုန်စာဖတ်ပရိသတ်အများစုက မကျေမနပ်ဖြစ်နေကြသည်ဟု RFA ၏ပြောဆိုချက်သည် တမင်သက်သက် လုပ်ကြံပုတ်ခတ် ပြောဆိုခြင်းဖြစ်ကြောင်း ထင်ရှားလှပါသည်။ RFA က မြန်မာအချင်းချင်း သွေးကွဲပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားစေရန် အကြံပက်စက်စွာ လုပ်ဆောင်လိုက်ခြင်းပင် ဖြစ်ပါသည်။

RFAသည် ဤမျှနှင့်မရပ်သေးဘဲ ယနေ့သတင်းစာများတွင် ရေးသားသော ဆောင်းပါးရှင်တို့သည် အလံနီများဖြစ်ကြသည်၊ ထိုအလံနီများကို အစိုးရက အသုံးချနေသည်ဟု ငါ့စကားနွားရ ဆက်ပြောသွားပါသေးသည်။ ကျွန်တော်(ငါးမင်းဆွေ)ကို အလံနီတစ်ယောက် ဖြစ်သယောင်ယောင် ပြည်သူလူထု ထင်မြင်သွားစေရန် မဟုတ်မမှန် လုပ်ကြံလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော် မွေးဖွားကြီးပြင်းခဲ့သော မွန်ပြည်နယ်တွင် အလံနီကွန်မြူနစ် လှုပ်ရှားမှုမရှိခဲ့ပါ။ ကျွန်တော် (၁၆)နှစ်သားလောက်တွင် မြန်မာပြည်၌ အလံနီများချုပ်ငြိမ်းခဲ့ပြီးဖြစ်ပါသည်။ ယနေ့အထိ အလံနီဝါဒကို ဆက်လက်ကိုင်စွဲနေသူ တစ်ဦးတစ်ယောက်ကိုမျှ ကျွန်တော် မတွေ့မြင်ဖူးပါ။ အလံနီဆိုတာ "ချို"နဲ့လားဟု RFA ကို ကျွန်တော် မေးလိုက်ချင်ပါသည်။

ကျွန်တော်တို့ စာရေးဆရာဆိုသည်မှာ မည်သူ့ဘက်ကိုမှ မလိုက်ဘဲ တည့်မတ်မှန်ကန်စွာ ရေးသားနေကြကြောင်း RFA သိဖို့ကောင်းပါသည်။ အတိုက်အခံဘက်ကိုလည်း လိုက်စရာမလိုပါ။ အစိုးရဘက်ကိုလည်း လိုက်စရာမလိုပါ။ "၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့" ဆောင်းပါးတွင် မင်းကိုနိုင်သည် ကိုယ်ကျိုးစွန့် အနစ်နာခံသူတစ်ယောက်ဖြစ်သည်ဟု ရေးသားခဲ့ပါသည်။ မင်းကိုနိုင်သည် "လူမှန်"တစ်ယောက်ဖြစ်သည်ဟု ထောက်ပြလိုက်ခြင်းဖြစ်သည်။ သို့သော် မင်းကိုနိုင်သည် အကျဉ်းထောင်ထဲ၌ ၁၅ နှစ်ကျော်နေခဲ့ရသဖြင့် အတွေ့အကြုံ နည်းနေသေးကြောင်း၊ အတွေ့အကြုံရှိမှ အမှန်တရားကို သိမြင်နိုင်ကြောင်း ရေးသားခဲ့သည်။ မင်းကိုနိုင်သည် "လူမှန်"တစ်ယောက်ဖြစ်သော်လည်း မှန်ကန်သော မူဝါဒလမ်းစဉ်ကို သိမြင်လာရန် "မူမှန်"ပေါ်သို့ ရောက်ရှိအောင် အတွေ့အကြုံရှာရန်လိုသေးကြောင်း ထောက်ပြခဲ့ပါသည်။

ထိုဆောင်းပါးကို မင်းကိုနိုင်တို့အဖွဲ့မှ ကိုဂျင်မီက ကြိုဆိုပါသည်ဟု RFA တွင် ပြောသွားသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့**

ယနေ့အချိန်တွင် နိုင်ငံနှင့် လူမျိုးအကျိုးကို ဗန်းပြပြီး မိမိအကျိုးအတွက် လုပ်စားနေသူ အမြောက်အမြား ရှိကြပါသည်။ အချို့ဆိုလျှင် ဒေါ်လာငွေ သိန်းသန်းချီ၍ ရသွားကြ။

ယနေ့အချိန်တွင် နိုင်ငံနှင့်လူမျိုးအကျိုးကို ဗန်းပြပြီး ပြည်ပအဖွဲ့ အစည်း မျိုးစုံထံမှ မိမိကိုယ်ကျိုးအတွက် ငွေကြေးအထောက်အပံ့ယူနေသော အချောင်သမား အများအပြား ရှိနေပါသည်။ ပြည်ပဆန့်ကျင်ဘက် အဖွဲ့အစည်းများ အလိုကျ လိုက်ပါလုပ်ဆောင် နေသဖြင့် အနည်းဆုံး ဆုတစ်ခုမှ အများဆုံးဆုပေါင်း ၈၀ကျော် ၉၀ နီးပါး ရရှိနေသူများရှိကြောင်း မြန်မာပြည်သူများ သိထားပြီး ဖြစ်။

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မင်းကိုနိုင်တို့အဖွဲ့ကိုသက်ဆိုင်ရာမှ အိမ်ပြန်ပို့ပေးသောသတင်းကို ကြားရသောအခါ ကျွန်တော်အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ မြန်မာနိုင်ငံသားအခြေခံလူတန်းစားများ ရင်ဆိုင်နေရသော စီးပွားရေး၊ လူမှုရေး အခက်အခဲ အကျပ်အတည်းများ ကင်းရှင်းပပျောက်သွားစေရန် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့သည် အစိုးရ၊ ပြည်သူလူထုတို့နှင့် လက်တွေ့ကျကျညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်ကြပါ။ ယနေ့အချိန်သည် စကားများ ငြင်းခုံနေရမည့်အချိန်မဟုတ်ပါ၊ အလုပ်လုပ်ကြရမည့် အချိန်ဖြစ်ပါသည်။

ဖခင် ဗိုလ်ချုပ် ပြောဆိုမှာကြားခဲ့သလို သူများခြေတစ်လှမ်း လှမ်းလျှင် မိမိတို့မြန်မာတွေက လေးငါးလှမ်း လှမ်းရမည့်အချိန်ဖြစ်သည်။ ယခု သူများနိုင်ငံတွေ လူမှုစီးပွား ဒုက္ခများမှကင်းဝေးရာ လောကနိဗ္ဗာန်ဆီသို့ အပြေးအလွှား ချီတက်နေချိန်တွင် ၈၈မျိုးဆက်ညီငယ်များက ထော်လော်ကန့်လန့်လုပ်ပြီး ဝေဖန်လေကန် လုပ်မနေကြပါနဲ့၊ သူများနိုင်ငံတွေကို အမီလိုက်နိုင်ရန် အပြေးအလွှား လုပ်ဆောင်နေသော မြန်မာလူထုကို ၈၈ မျိုးဆက်ညီငယ်များက ပုဆိုးစ၊ ထဘီစ လှမ်းမဆွဲကြပါနဲ့၊ နောက်ဆုံး အနေဖြင့် ၈၈မျိုးဆက်ညီငယ်များကို အစ်ကို မေးခွန်းတစ်ခုမေးပါမည်။ **"ငါတို့၏ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အီရတ်နိုင်ငံလိုဖြစ်ချင်သလား၊ တရုတ်နိုင်ငံလိုဖြစ်ချင်သလား"** ဒီမေးခွန်းကို ၈၈မျိုးဆက်ညီငယ်များက ကြောင်းကျိုးဆက်စပ်ပြီး အကျိုးသင့်၊ အကြောင်းသင့် ပြန်လည်ဖြေကြားပေးကြစေလိုပါသည်။

"ငရဲမင်းနှင့် ငမင်းဆွေ"ဆောင်းပါးတွင် ငရဲပြည်သို့ရောက်သွားသော စာရေးဆရာ ငမင်းဆွေ၏ တင်ပြလျှောက်ထားမှုကြောင့် ငရဲမင်းသည် အခြေအနေမှန်တစ်ခုကို သိရှိသွားပြီး မွေးမြူရေးသမားငရဲသားတို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း၊ ပကတိဖြစ်ပေါ်နေသော အခြေအနေမှန်အရပ်ရပ်ကို သိမြင်စေရန် သတင်းလွတ်လပ်ခွင့်လိုကြောင်း ထောက်ပြခဲ့ပါသည်။

"ငါးမင်းဆွေမှ ဒေါ်စုကြည်သို့"ဆောင်းပါးတွင် ဒေါ်စုကြည်သည် ၁၉၈၈မတိုင်မီ အသက်(၄၀)ကျော်အထိ နိုင်ငံနှင့်လူမျိုးအတွက် ဘာတစ်ခုမျှ စွမ်းဆောင်ခဲ့ခြင်းမရှိကြောင်း၊ ကျွန်တော်တို့ မဆလခေတ် ဆင်းရဲတွင်းနက်နေချိန်တွင် ဒေါ်စုကြည်သည် ကျွန်တော်တို့ကို မေ့လျော့ပစ်ပယ်ခဲ့ကြောင်း၊ ရှစ်လေးလုံး အရေးအခင်းကြီးပေါ်ပေါက်မှ မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် ခေါင်းဆောင်နေရာရမည်ဟု သေချာပေါက်သိရှိသောအခါတွင်မှ ခါတော်မီပေါ်လာသူဖြစ်ကြောင်း ရေးသားခဲ့ပါသည်။ ထို့ကြောင့် ဒေါ်စုကြည်သည် ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သော လူမှန်နိုင်ငံရေးသမားတစ်ယောက်အဖြစ် ယုံကြည်ရန်ခက်ခဲကြောင်း ထောက်ပြခဲ့ပါသည်။ ထို့ပြင် ဒေါ်စုကြည်၏ စီးပွားရေးပိတ်ဆို့မှု မူဝါဒကြောင့် မြန်မာနိုင်ငံသားများ ဒုက္ခရောက်နေရကြောင်း ရေးသားခဲ့ပါသည်။ ဒေါ်စုကြည်သည် လူမှန်မူမှန်ဖြစ်အောင် ပြုပြင်ရန်လိုသေးကြောင်း ထောက်ပြခဲ့ပါသည်။ ဒေါ်စုကြည်သည် ရှစ်လေးလုံးအရေးအခင်း ပေါ်ပေါက်မှ ပွဲလန့်တုန်းနိုင်ငံရေး ဆိုဖာခုံကြီးဝင်ခင်းသော အချောင်သမားဟုတ်၊ မဟုတ်ဆိုသည်ကို မြန်မာနိုင်ငံသားများ သိမြင်လာစေရန် "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့"ဆောင်းပါးဖြင့် မီးဆလိုက်ထိုးပြလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ဘိုးဘွားများသည် နေမဝင်အင်ပါယာကြီးကို ထူထောင်ခဲ့သော နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ကာ လွတ်လပ်ရေးကို အသက်သွေးချွေးပေးပြီး ရယူပေးခဲ့ကြသည်။ ထိုသို့လွတ်လပ်ရေးရပြီးသည်မှာ အနှစ်(၆၀)ပင်ရောက်တော့မည်။သို့သော် ကျွန်တော်တို့နိုင်ငံကား ဖွံ့ဖြိုးတိုးတက်လာခြင်းမရှိသေးပါ။ အာရှ၏ ကျားတစ်ကောင်ဖြစ်မလာဘဲ ကြောင်တစ်ကောင်လို တညောင်ညောင်အော်နေရဆဲဖြစ်သည်။ ကျွန်တော် တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေမြေသဘာဝ သယံဇာတများ ရှိပြီးသားဖြစ်သည်။ ဤသို့ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပါလျက် ဖွံ့ဖြိုးမှုနောက်ကျနေခြင်းမှာ မြန်မာတို့၏ စိတ်ဓာတ်ကြောင့်ဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးရပြီး တိုင်းပြည်ကိုထူထောင်ချိန်တွင် မြန်မာတို့၏ စိတ်ဓာတ်ကိုကြည့်လျှင် မြန်မာအများစုတို့သည် အချောင်သမား၊ အခွင့်အရေးသမားများဖြစ်နေကြသည်။ ကိုယ်အာဏာရဖို့၊ ကိုယ်လူကြီးလုပ်ရဖို့၊ ကိုယ်ချမ်းသာ ကောင်းစားဖို့သာသိကြသည်။ ဖဆပလပါတီအာဏာရလာတော့ ဖဆပလထဲဝင်ကြသည်။

မဆလပါတီတက်လာတော့ မဆလထဲ ဝင်ကြပြန်သည်။ ထိုသူတို့သည် တပ်မတော်အစိုးရတက်လာသောအခါ ရဝတလုပ်ချင်ကြသည်။ အချို့က ရွေးကောက်ပွဲတွင် နိုင်ခြေရှိသော NLD ထဲသို့ ရောက်သွားကြသည်။ မည်သည့်ပါတီ၊ မည်သည့်အသင်းအဖွဲ့အစည်းသို့ငါဝင်လျှင် ငါနေရာရမည်၊ ငါကောင်းစားမည်၊ ငါအခွင့်အရေးရမည်ဆိုသော အချောင်သမားစိတ်ဓာတ်များ မြန်မာတို့တွင်ရှိနေသရွေ့ မြန်မာနိုင်ငံသည် အလုံးစုံဖွံ့ဖြိုးတိုးတက်လာမည်မဟုတ်ပါ။

ယနေ့ပါတီ၊ အသင်းအဖွဲ့အစည်းဝင် အသီးသီးတို့သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လုပ်ကိုင်နိုင်ရန် ထိုပါတီ၊ ထိုအသင်းအဖွဲ့များသို့ ဝင်ခဲ့တာလား၊ မိမိကိုယ်ကျိုး စီးပွားအခွင့်အရေး ရရန်အတွက် ထိုပါတီ၊ ထိုအသင်းအဖွဲ့များသို့ ဝင်ခဲ့တာလား၊ မိမိသည် အချောင်သမား တစ်ယောက်ဖြစ်နေသလား ဆိုသည်ကို မိမိကိုယ်မိမိ ဆန်းစစ်ဝေဖန်ပြီး ပြုပြင်ကြရန်လိုပါသည်။

ထို့အပြင် မည်သူသည် အချောင်သမားဖြစ်သည်၊ မည်သူသည် ကိုယ်ကျိုးစွန့်အနစ်နာခံသူဖြစ်သည်ကို ခွဲခြားသိရှိတတ် ရန်လိုပါသည်။ ကျွန်တော်တို့သည် မိမိကိုယ်မိမိ အချောင်သမားမဖြစ်အောင် ဝေဖန်ပြုပြင်ပြီး ကိုယ်ကျိုးစွန့် အနစ်နာခံသူများနှင့် လက်တွဲကာ မှန်ကန်သော မူဝါဒအောက်တွင် လွတ်လပ်သောနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အားသွန်ခွန်စိုက် လုပ်ဆောင်ကြရပါမည်။ ဤသို့ လူမှန် မူမှန်တို့ဖြင့် နိုင်ငံတော်ကြီးကိုတည်ဆောက်ကြပါလျှင် ကျွန်တော်တို့ နိုင်ငံတော်ကြီးသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာပါမည်။

ကျွန်တော်တို့သည် ကျွန်တော်တို့ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်နေရဆဲ ဖြစ်သော်လည်း နိုင်ငံတော်ကြီး တစ်စစီ ပြိုကွဲမသွားအောင်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော လွတ်လပ်ရေးကြီး မဆုံးရှုံးသွားအောင် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြပါသည်။ ထိုသို့ နိုင်ငံတော်၏ လွတ်လပ်ရေးမဆုံးရှုံးသွားအောင် ကာကွယ်စောင့်ရှောက်ခဲ့ကြရာတွင် မြန်မာနိုင်ငံသားတို့၏ အသက်ခန္ဓာများ ပေးဆပ်ခဲ့ကြရသည်။ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြရသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကို ကာကွယ်နိုင်ရန်အတွက် အရွယ်မရောက်သေးသည့် မိမိ၏ရင်နှစ်သည်းချာ သားသမီးများကို အပြီးအပိုင်ခွဲခွာထားရစ်သွားခဲ့ရသော မြန်မာနိုင်ငံသား အမြောက်အမြားရှိပါသည်။ ထိုသို့ နိုင်ငံတော်အတွက် အသက်ခန္ဓာပေးဆပ်သွားခဲ့ကြသူများ၊ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြသူများကို ကျွန်တော်တို့ အမြဲတမ်း သတိတရလေးစားနေကြရမည်ဖြစ်သည်။ ယနေ့မျိုးဆက်သစ်လူငယ်များသည် နိုင်ငံလွတ်လပ်ရေးအတွက်လည်းကောင်း၊လွတ်လပ်ရေးတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း အသက်ခန္ဓာပေးလှူသွားခဲ့ကြသော၊ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြသော ဘိုးဘွားမိဘတို့၏ ကြီးမားသော မေတ္တာစေတနာကို အမှတ်တရအလေးအမြတ် ထားကြပါ။ မိမိတို့လက်ထက်တွင် လွတ်လပ် ပြီးသော နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ညီညီညွတ်ညွတ် အားသွန်ခွန်စိုက် လုပ်ဆောင်ကြပါဟု အလေးအနက် တိုက်တွန်းပန်ကြားလိုပါသည်။

ကျွန်တော်သည် ကျွန်တော်၏ ရင်ထဲတွင် အနှစ်နှစ်အလလက ကိန်းအောင်းခဲ့သော ခံစားချက်များ၊ ကျွန်တော်၏ အတွေ့အကြုံမှ ရရှိလာသော အသိအမြင်၊ အတွေးအခေါ်အယူအဆများကို သတင်းဆောင်းပါးများအဖြစ် ဖွင့်ဟရေးချခဲ့ပြီး ဖြစ်ပါသည်။ ထိုသတင်းဆောင်းပါးတို့ကို ပြည်သူလူထုထံသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးခဲ့သော ဗိုလ်မှူးချုပ်ကျော်ဆန်း(ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)အားလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရန်ကုန်တိုင်းမ်ဂျာနယ်နှင့် 7 Day News ဂျာနယ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ထိုသို့ ကူညီဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အသီးသီးတို့နှင့် ကျွန်တော်သိကျွမ်းခင်မင်ခြင်းမရှိခဲ့ပါ။ ပြောဆိုဆွေးနွေးမှုလည်းမရှိခဲ့ပါ။ ကျွန်တော်နှင့်ရင်းနှီးခင်မင်သော စာရေးဆရာတစ်ယောက်မျှလည်းမရှိပါ။ ကျွန်တော်သည် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မိမိသဘောအလျောက် လွတ်လပ်ပွင့်လင်းစွာ ရေးသားခဲ့ပြီးပါပြီ။

စာရေးဆရာသည် တဲနှင့်ပဲနေရနေရ၊ ငါးပိနှင့်ပဲစားရစားရ၊ ဆိုက်ကားနှင့်ပဲသွားရသွားရ သူ့ဘဝကို သူပျော်မွေ့ကျေနပ်နေသူဖြစ်ကြောင်းကျွန်တော်တွေ့ကြုံခံစားသိရှိခဲ့ရပါပြီ။ ထိုသို့သော စာရေးဆရာဘဝကို ကျွန်တော်အလွန်မြတ်နိုးပါသည်။

စာရေးဆရာဆိုတာ လူမုန်းခံရတတ်တယ်၊ အသတ်ခံရတတ်တယ်ဟု အစ်ကိုက သတိပေးခဲ့သည်။

မည်သို့ပင်ဖြစ်စေ စာရေးဆရာဘဝကို ကျွန်တော်စွန့်လွှတ်မည်မဟုတ်ပါ။ ။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မူကြိုကလေးငယ်များ ကာယ၊ဉာဏပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က သန်လျင်မြို့နယ် အသင်းခန်းမ၌ကျင်းပရာ ဆုရရှင်သွေးငယ်များအား ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့် ဆုချီးမြှင့်စဉ်။

(၅၂၇)

ထူးခြားသည့် ညအပူချိန်များ

၁၂-၂-၂၀၀၇

လားရှိုး
၄ ဒီဂရီစင်တီဂရိတ်

ပင်လောင်း
၅ ဒီဂရီစင်တီဂရိတ်

ရန်ကုန်
၁၉ ဒီဂရီစင်တီဂရိတ်

"နေခြည်အောက်မှာ" ပန်းချီပြပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပန်းချီဆရာမင်းဝေအောင်၏ "Under Sunshine"ဟူ၍ အမည်ပေးထားသည့်ပန်းချီပြပွဲကို ဖေဖော်ဝါရီ၁၇ရက်နှင့် ၁၈ရက်တို့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၈၄/က ၌ ဖွင့်လှစ်ပြသမည်ဖြစ်သည်။ ဖေဖော်ဝါရီ၁၇ရက် နံနက် ၁၀နာရီမှမွန်းလွဲ ၁နာရီအထိ ဖိတ်ကြားထားသည့် ဧည့်သည်များအားလည်းကောင်း၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ ပန်းချီဝါသနာရှင်များအားလည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ရက် နံနက် ၁၀နာရီမှ ည ၇နာရီအထိ ပန်းချီဝါသနာရှင်များအားလည်းကောင်း ဖွင့်လှစ်ပြမည်ဖြစ်သည်။

(ကြေးမုံ)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)ဂုဏသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)မှကြီးမှူး၍ မတ် ၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် နိုင်ငံတော်မှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်များအပူဇော်ခံရရှိတော်မူသော ဖျာပုံမြို့ ဓမ္မဝိနယ ပထမပြန်စာသင်တိုက် တိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တ သူရိယ၊ဖျာပုံမြို့ ဇီဝကာရာမ ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သာရမတိနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရသော ဖျာပုံမြို့ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်စန္ဒသီဂီတို့အား ထပ်ဆင့်ပူဇော်မည့် ဂုဏဝိသိဋ္ဌမင်္ဂလာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ ဖျာပုံမိသားစုဝင်များ တက်ရောက်ပူဇော်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဖျာပုံမြို့နယ်အသင်းတိုက် အမှတ်(၃၀)ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း- ၃၉၂၁၇၆ သို့ ဆက်သွယ်နိုင် ကြောင်းသိရသည်။ (ကြေးမုံ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နယ်လှည့်ဓမ္မကထိကဆရာကြီး ဦးစိန်ဝင်းက ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်အထိ ရန်ကုန်တိုင်း ကြံပင်ကျေးရွာ တရားစခန်း၊ ဖေဖော်ဝါရီ ၂၈ရက်မှ မတ်၄ရက်နှင့် မတ်၂၄ရက်မှ ၂၈ရက်ထိ ရွှေတိဂုံဘုရားမြောက်ဘက် ပခုက္ကူဓမ္မာရုံတွင် သင်တန်းတရားပွဲ၊ မတ် ၉ရက်မှ ၁၈ရက်နှင့်ဧပြီ ၇ ရက်မှ ၁၇ရက်အထိ အလုံမြို့နယ်အဖွဲ့ခွဲ(၁၄၈)တရားပွဲ၊ မတ် ၃၀ရက်မှ ဧပြီ ၅ရက်အထိ ကျောက်တန်းမြို့ခင်တန်းကျေးရွာစခန်းပွဲ၊ ဧပြီ ၂၇ရက်မှ မေ ၁ရက်အထိ သန်လျင်မြို့အဖွဲ့ခွဲ (၁၂၈) တရားစခန်းတို့တွင် ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၂-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေးခတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်"(အပိုင်း-၂၀)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး"(ဒုတိယတွဲ) (အပိုင်း-၂၁)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

ချင်းပြည်နယ် ဖလမ်းမြို့နယ် ဗားရ်တံတားဖွင့်ပွဲအခမ်းအနား ကျင်းပ နှစ်လမ်းသွားသံမဏိသံပေါင် တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးထား တန် ၆၀ အလေးချိန်ရှိသည့် ဝန်လေးယာဉ်များအထိ ဖြတ်သန်းသွားလာနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က ချင်းပြည်နယ် ဖလမ်းမြို့နယ် ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၆၈ မိုင် ငါးဖာလုံတွင် မဏိပူရမြစ်ကိုဖြတ်ကျော်၍ တည်ဆောက်ပြီးစီးသည့် ဗားရ်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ တံတားအနီးရှိ တံတားဖွင့်ပွဲ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်တာဝန်ခံ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ယခင်ကာလက သွားရေးလာရေးခက်ခဲသောဒေသ၌ ကလေးမြို့နှင့် ဖလမ်း၊ ဟားခါးဒေသများကို ဆက်သွယ်ပေးသည့် အဓိကလမ်းမကြီးပေါ်ရှိ ဗားရ်တံတားကြီးကို ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ယင်းနေရာနှင့် ဆက်စပ်ရာဒေသများတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအား များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည့်အတွက် လွန်စွာ ကျေနပ်ဝမ်းမြောက်ရပါကြောင်း။

ယနေ့ ဖွင့်လှစ်သည့် ဗားရ်တံတားသည် အရှည်ပေ ၃၄၀၊ အကျယ် ၂၄ ပေရှိပြီး တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀ အထက် တံတားကြီးများအနက် ၂၂၃ စင်းမြောက် တံတားဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ တည်ဆောက်ခဲ့သည့် တံတားအနေဖြင့် ၂၀၃ စင်းမြောက် တံတားဖြစ်ကြောင်း။

ဤတံတားကို ဖွင့်လှစ်ပေးခြင်းဖြင့် ကလေးမြို့နယ်နှင့် ဖလမ်း၊ ဟားခါးဒေသများကို ကုန်းလမ်းခရီးမော်တော်ကားဖြင့် အချိန်တိုအတွင်း ယာဉ်တန်ချိန် ပြည့်ဝစွာဖြင့် သွားလာနိုင်တော့မည်ဖြစ်၍ ဒေသထွက်ကုန်များ ပို့ဆောင်ရောင်းဝယ်ရာတွင် ပိုမိုလျင်မြန်လာစေပြီး ဒေသခံ တိုင်းရင်းသား ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး အကျိုးရလဒ်ကောင်းများကို တိုးပွားဖြစ်ထွန်းလာမည် ဖြစ်ကြောင်း။

ယခင်ကာလက ဗားရ်ဘေလီတံတားအဟောင်းကို ကုန်တန်ချိန် အနည်းငယ်ဖြင့် ဖြတ်သန်းသွားလာခဲ့ရသောခရီးကို ယခုအခါ သံမဏိသံပေါင် သံကူကွန်ကရစ်ဖြင့် အခိုင်အမာ တည်ဆောက်ထားသော ဗားရ်တံတားသစ်ကြီးပေါ်တွင် ကုန်တန်ချိန် ပြည့်ဝစွာဖြင့် အချိန်တိုအတွင်း သက်သာချောမွေ့စွာသွားလာနိုင်သည့် အခြေအနေကို ရောက်ခဲ့ပြီဖြစ်၍ ဒေသထွက် ကုန်ပစ္စည်းများကို လွယ်လင့်တကူ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ပြီး ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးမှအစ အဘက်ဘက်မှ ပိုမိုတိုးတက်ဖွံ့ဖြိုးလာတော့မှာ မလွဲဧကန်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က တစ်ပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ တည်ဆောက် ပေးခြင်းအတွက် ပြည်သူများကိုယ်စား အထူးကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်းနှင့် တည်ဆောက်ပြီးလမ်းများ၊ တံတားများကိုလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းအနှံ့တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အခြေအနေတွင် ဖွံ့ဖြိုးမှု၏ အခြေခံဖြစ်သည့် လမ်း၊တံတားများ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့၍ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့လာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် တံတားဆိုလျှင် အရွယ်အမျိုးမျိုးကို တည်ဆောက်နေကြောင်း၊ ဤတံတားအပါအဝင် ပေ ၁၈၀နှင့်အထက် တံတား ၂၀၂ စင်း အပြင် တပ်မတော်သားများက တည်ဆောက်ပေးခဲ့သည့် တံတား ၁၁စင်း၊ မြန်မာ့မီးရထားက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားက နှစ်စင်းနှင့်ဆိုလျှင် ၂၂၂ စင်း ရှိလာပြီဖြစ်ကြောင်း၊ ထို့အပြင် ပေ ၁၀၀မှ ၁၈၀အထိ ၂၄၀ စင်း၊ ပေ ၂၀မှ ၁၀၀အထိ ၁၈၃၄ စင်းတို့ကိုလည်း တည်ဆောက်ပေးထားကြောင်း၊ တည်ဆောက်ဆဲ တံတားကြီးများမှာ ကချင်ပြည်နယ်တွင် ဒွန်ဘန်နှင့် ကောင်းမှုလုံ ကြိုးတံတား၊ ကယားပြည်နယ်တွင် ထီးစဲခါး တံတား၊မွန်ပြည်နယ်တွင် စစ်တောင်း တံတား(မုပ္ပလင်)၊ ရှမ်းပြည်နယ်တွင် ရွှေလီနှင့် လိန်းလီတံတား၊ ဧရာဝတီတိုင်းတွင် ဖျာပုံ၊ မြို့ကွင်းနှင့် ကျွန်းကုန်းတံတား၊ မန္တလေးတိုင်းမှာ ဧရာဝတီတံတား(ရတနာပုံ)တို့ကိုလည်း တည်ဆောက်လျက်ရှိကြောင်း။

ယနေ့ ဖွင့်လှစ်သည့် ဗားရ်တံတားသည် ၁၉၉၈ ခုနှစ် မတ်လက ဘေလီ တံတားအဖြစ် တည်ဆောက်ဖွင့်လှစ်ပေးထားခဲ့ခြင်းဖြစ်ပြီး ယာဉ်သွားလာမှု များပြားလာသကဲ့သို့ ဝန်လေးယာဉ်များ ဖြတ်သန်းနိုင်မှုမရှိသည့်အတွက် တစ်လမ်းမောင်း ဘေလီတံတားအစား သံမဏိခွေအုတ်မြစ်ပေါ်တွင် သံကူကွန်ကရစ်တိုင်နှင့် အသစ်တည်ဆောက်ပြီး ယင်းအပေါ်တွင် နှစ်လမ်းသွား သံမဏိသံပေါင် တံတားကြီးအဖြစ် အသစ်ပြန်လည် တည်ဆောက်ပေးခြင်း ဖြစ်သည့်အပြင် တန် ၆၀ အလေးချိန်ရှိသည့် ဝန်လေးယာဉ်များအထိ ဖြတ်သန်း သွားလာနိုင်တော့မှာ ဖြစ်ကြောင်း။

ဤတံတားကြီး ယခုလို ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ချင်းပြည်နယ်မြောက်ပိုင်းက ပြည်သူအားလုံးအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်ဖြင့် အဘက်ဘက်က အကျိုးပြုမှာဖြစ်သကဲ့သို့ အိန္ဒိယသမ္မတနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် နိုင်ငံတော်က ဒေသတစ်ခုမှတစ်ခုသို့ အချိန်တိုအတွင်း ကူးသန်း ဆက်သွယ် သွားလာနိုင်အောင် လမ်းသစ်၊ တံတားသစ်များကို နိုင်ငံအဝန်း ကွန်ရက်သဖွယ် တိုးချဲ့ဖြည့်ဆည်းပေးနေပြီး ပြည်နယ်၊တိုင်း အသီးသီး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ အနေနှင့် ဤတံတားများကို ရေရှည် အသုံးပြုနိုင်အောင် ထိန်းသိမ်းရင်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တတ်အားသရွေ့ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ဒေသခံပြည်သူ ဦးကောလျန်ထန်းက တံတားကြီး တည်ဆောက် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဗားရ် တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်ပရိသတ်များ နှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဗားရ်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး နှင့် ဝန်ကြီးတို့က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကာ ဧည့်သည်တော်များနှင့်အတူ တံတားကြီး ပေါ်သို့ ဖြတ်သန်းကြည့်ရှု၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်သည့် ဗားရ်တံတား၏ တံတားအောက်ထည်မှာ ၂၄ပေ အချင်းရှိ သံမဏိခွေနှင့် သံကူကွန်ကရစ်အုတ်မြစ်၊ တံတားအပေါ်ထည် သံကူကွန်ကရစ်တိုင်နှင့် သံမဏိသံပေါင် တံတားဖြစ်ပြီး တံတားအရှည် ပေ ၃၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီနှင့် နှစ်ဖက်ပါရှိ၍ ခွင့်ပြုယာဉ် အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်သည်။

ဗားရ်တံတားကို တည်ဆောက်ဖွင့်လှစ်ပေးခြင်းအားဖြင့် ချင်းပြည်နယ် ဟားခါးမြို့မှ တီးတိန်ရိဒ်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့မှတစ်ဆင့် မန္တလေးတိုင်း၊ မကွေးတိုင်းတို့သို့ ရာသီမရွေး လွယ်ကူစွာ သွားလာဆက်သွယ်နိုင်သဖြင့် တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာမည်ဖြစ်ပြီး လူမှုရေး၊ ပညာရေး၊ စီးပွားရေးတို့ပါ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗားရ်တံတားကို တည်ဆောက် ဖွင့်လှစ်ပေးခြင်းအားဖြင့် ချင်းပြည်နယ် ဟားခါးမြို့မှ တီးတိန်ရိဒ်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့မှတစ်ဆင့် မန္တလေးတိုင်း၊ မကွေးတိုင်းတို့သို့ ရာသီမရွေး လွယ်ကူစွာသွားလာဆက်သွယ်နိုင်သဖြင့် တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာမည်ဖြစ်ပြီး လူမှုရေး၊ ပညာရေး၊ စီးပွားရေးတို့ပါ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်။

မုဒုံမြို့ ဘိုးဘွားရိပ်သာ လေ့လာရေးခရီးစဉ် (အဘိုးအဘွားများ) အတွက် ဖေဖော်ဝါရီ ၆ရက်က ရန်ကုန်မြို့ ဝင်ဒါမီယာလမ်းနေ ဒေါက်တာဇော်ဝင်း - ဒေါက်တာနွယ်သိင်္ဂီ မိသားစုက ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ မုဒုံမြို့ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီ လက်ခံယူပြီး အလှူရှင်အား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဂုဏ်ပြုဆုချီးမြှင့်

ဒဂုံမြို့နယ် အမက(၁)၏ ၂၀၀၅-၂၀၀၆ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျောင်းခန်းမ၌ ပြုလုပ်ရာ ပန်းချီ ပထမဆုရ မမေသြအား ကျောင်းအုပ် ဆရာမကြီး ဒေါ်နော်ကစ်တီ ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်စဉ်။ (ပညာရေး)

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံး ညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးတည်းဟူသော နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ရန်ကုန်တိုင်း ၂၀၀၇ ခုနှစ် နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ဝင်ရောက်နေရာယူ

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်များကို ကိုယ်စားပြုသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများပါဝင်သော ပြည်သူလူထု စုစုပေါင်း အင်အား ၉၅၀၀ ကျော် ပါဝင်သော စစ်ကြောင်းအသီးသီးတို့သည် နံနက် ၅ နာရီခွဲမှ စတင်၍ ပြည်သူ့ရင်ပြင်အတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

တက်ရောက်

ထို့အတူ အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ် အသီးသီးမှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊အစိုးရမဟုတ်သောလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသား တိုင်းရင်းသူများ စုစုပေါင်းအင်အား ၅၀၀ ကျော်တို့လည်း တက်ရောက်ကြသည်။

အစီအစဉ်ဖတ်ကြား

ရှေးဦးစွာ အခမ်းအနားမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ထို့နောက် အခမ်းအနားကို နံနက် ၇ နာရီခွဲတွင် သတ်မှတ်အစီအစဉ်အတိုင်းကျင်းပရာ ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့သည် ပြည်သူ့ရင်ပြင်အတွင်းရှိ သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြသည်။

ယင်းနောက် သဘာပတိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရန်ကုန်တိုင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် ပြည်နယ်၊ တိုင်းကိုယ်စားပြု ကချင်တိုင်းရင်းသားကိုယ်စားလှယ် ဦးအယ်လ်ဇော်ရှိုင်းတို့သည် ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလျက် ပြည်သူ့ရင်ပြင်ရှိ စင်မြင့်ထက်၌ နေရာယူကြသည်။

အလေးပြု

ထို့နောက် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်း တပ်ဖွဲ့တို့က ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက စင်မြင့်ထက်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို သဘာပတိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဖတ်ကြားသည်။

ထို့နောက် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်း တပ်ဖွဲ့တို့က ဦးဆောင်၍ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို အလေးပြုကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များသည် ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလျက် ပြည်သူ့ရင်ပြင်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့အတူ ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့သည်လည်း အစီအစဉ်အတိုင်း ပြည်သူ့ရင်ပြင်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် စစ်ကြောင်းအသီးသီးတို့သည်လည်း ပြည်သူ့ရင်ပြင် အတွင်းမှ ပြန်လည်ထွက်ခွာကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို သဘာပတိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဖတ်ကြားစဉ်။

(သတင်းစဉ်)

အလေးပြု

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြစဉ်။

(သတင်းစဉ်)

နှစ် (၆၀) ပြည့် ပြည်ထောင်စုနေ့

☆ နှင်းမှုန် ဖွဲဖွဲ၊ ဝဲဝဲ ဝေ့ဝေ့ ကြွေ
ရာသီဆောင်းချမ်း၊ ဝေ့ယမ်း မြောက်ပြန်လေ
သဇင် ဝေဝေ၊ ခွာညိုတွေ လန်း
မြန်မာ့ မြေပြင်၊ အလှဆင်
ပြည်ခွင် သာယာ ငြိမ်းချမ်းပါဘိလေး။

☆ ပွင့်ပန်း ပေါက်လဲ၊ ရဲရဲ ရင့်ရင့်ဝေ
မြန်မာ့ နှလုံးသား၊ ထင်ရှားပြ သက်သေ
နှောင်ရင်း ညီဆွေ၊ မသွေမခြား
ညီညွတ်တွေ့ဆုံ၊ မြို့ပင်လုံ
လွှမ်းခြုံ ပြည်ထောင်စု အားမာန်တည့်လေး။

☆ ကချင် ကယား ကရင် ချင်း၊ ချစ်ခြင်း ခိုင်ခိုင် ချည်
ဗမာ မွန် ရခိုင် ရှမ်း၊ ချစ်ပန်းပွင့်ဝေ့စည်
ဒို့တိုင်း ဒို့ပြည်၊ မြတ်နိုးသည် အကြွင်းမဲ့
မျိုးချစ်စိတ်အမှန်၊ အောင်ပွဲခံ
နိုင်ငံ လွတ်လပ်ခဲ့ပြီ တည့်လေး။

☆ နယ်ချဲ့၏ သရုပ်၊ ရိုင်းရိုင်း ယုတ်ယုတ် မွှေ
မချဲ့သာလည်း၊ ပွဲအောင် ဖွဲ့မြဲပေ
တိုင်းရင်းသား ညီနောင်တွေ၊ မြင်အောင်လေ သတိပြု
ခေတ်သစ်ကိုလိုနီ၊ နယ်ချဲ့သည်
ပလီဉာဏ်တွေ စုသည်တည့်လေး။

☆ ပြည်ထောင်စု စိတ်ဓာတ်၊ မြင့်မြင့် မြတ်မြတ် ခိုင်
ဘယ်သူခွဲခွဲ၊ မကွဲမပြိုနိုင်
ဒို့မြေ ဒို့ပိုင်၊ ဒို့နိုင်ငံ ဒို့မြတ်နိုး
ဒို့အမျိုးသား အမွေ၊ ခိုင်မြဲစေ
ဒို့တစ်တွေ ဆောင်သယ်ပိုးပါစို့လေး။

☆ မျိုးချစ် မာန်သွေး၊ နွေးနွေး နီနီ လွင်
ပြည်ထောင်စုသား၊ ထင်ရှား ဒို့သမိုင်းတွင်
မူဝါဒလမ်းစဉ်၊ အောင်မြင်စေ အားမာန်သစ်
အဖျက်ဝဲယာ၊ ပယ်ရှင်းရာ
ဘယ်ခါ မလပ်လစ်စေနှင့်လေး။

အချစ် မပျောက်မပြယ်မရွေ့ ညီနောင်ထုဝေလေ့ ဆောင်မြဲအစဉ်။
နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ အောင်ပွဲသဘင်။ ။

မြင်းမူ မောင်နိုင်မိုး

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ နှစ်ပတ်လည် အစည်းအဝေးနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံ ဘူမိဗေဒသိပ္ပံအသင်း၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ၆ မိုင်ခွဲရှိ IBC ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်တိုင်းနှင့် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ကျောင်းသား၊ ကျောင်းသူအသစ်များ တက်ရောက်ကြရန်နှင့် ကြိုတင်ဝယ်ယူထားသော ညစာစားပွဲ လက်မှတ်များကို ယူဆောင်လာကြရန်၊ လက်မှတ်မဝယ်ရသေးသူများ ယင်းနေ့တွင် တစ်ပါတည်းဝယ်ယူပြီး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

အထက(၅) ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အထက(၅) ဗိုလ်တထောင် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၁ ခုနှစ်အောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁၂ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ကန်တော့ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ပွင့်ဖြူဝင်း ဖုန်း- ၅၄၈၂၇၉၊ ချိုကြည်ကြည်ဇင် ဖုန်း- ၀၉၅၁၄၀၈၁၈၊ ဝင်းနောင်ဦး ဖုန်း- ၂၉၄၄၅၉၊ နေမျိုးဦး ဖုန်း- ၂၉၈၈၈၉၊ တင်ထက်အောင် ဖုန်း - ၀၉၉၀၅၀၆၅၇၊ အောင်သူခိုင် ဖုန်း- ၀၉၅၁၂၀၃၈၉၊ အေးငြိမ်းသော် ဖုန်း- ၀၉၉၉၇၁၉၁၃၊ သက်နောင်ထွန်း ဖုန်း- ၀၉၈၀၂၂၀၀၂တို့ထံ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကြေးမုံ The Mirror

ပြည်တွင်းသတင်းမှတ်စု

ဥပ္ပါတသန္တိ စေတီတော် ရွှေထီးတော်တင်လှူပွဲ

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ ဇေယျာသိဒ္ဓိ (မဟာသွံ့သာရ ဘုရား)ကျောင်းတိုက်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိ စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဇေယျာသိဒ္ဓိ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် စိန်ဖူးတော်နှင့် ရွှေထီးတော်၊ဘုံအဆင့်ဆင့်တို့ကို တင်လှူကြပြီး စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြောင်း သတင်းရရှိသည်။

သိမ်တော်ကြီးရေစက်ချပွဲ ကျင်းပမည်

မွန်ပြည်နယ် မော်လမြိုင်မြို့၌ အလှူရှင်များက ငွေကျပ် သိန်း ၄၀၀ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးသွားသည့် သမိုင်းဝင်ရွှေတောင် ကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ နိမ္မလသာသနာနုဂ္ဂဟကာရီသိမ်တော်ကြီးနှင့် သာသနိက အဆောက်အအုံများကို မတ် ၂ရက်တွင် ရေစက်ချလှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လှိုင်သာယာမြို့နယ် ပြည်ထောင်စုနေ့အခမ်းအနား

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီတွင် လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဖတ်ကြားသည်။

ပြည်ထောင်စုနေ့ ဂုဏ်ပြုသွေးလှူ

မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သန်လျက်မော် အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာမွန်သွေးလှူရှင်အသင်းတို့ ပူးပေါင်း၍ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်း သွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၂၉ရက်နံနက် ၈နာရီက ရပ်ကွက်ရုံး၌ကျင်းပသည်။

စေတနာမွန်သွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ရှင်းလင်းပြောကြားပြီး သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းက သွေးလှူခြင်းအကျိုး ပြောကြားသည်။ အဆိုပါနေ့က သွေးအိတ် ၁၁၀လှူဒါန်းခဲ့ သည်။ အရေးပေါ်သွေးလိုအပ်ပါက သွေးလှူရှင်အသင်း ဖုန်း-၀၂-၆၅၉၅၁သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

ပခုက္ကူမြို့တွင်း ကတ္တရာလမ်းများဖွင့်

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့ မြို့တွင်းလမ်းများဖြစ်သည့် အမှတ်(၁၁)ရပ်ကွက်ရှိ (၃)လမ်း၊ အမှတ်(၄)ရပ်ကွက်ရှိ နေသူရိန်လမ်း၊ အောင်တော်မူလမ်းအပိုင်း(၁)၊ ရပ်စုံကျောင်းလမ်းအပိုင်း(၂)၊ အမှတ်(၂)ရပ်ကွက် အောင်တော်မူလမ်း အပိုင်း(၂)နှင့် ကျောက်စေတီလမ်းများကို ဖေဖော်ဝါရီ ၉ရက်တွင် ဖွင့်လှစ်ကြ သည်။

လေးနိုင်ငံ ကားမောင်းပြိုင်ပွဲကျင်းပရေး ညှိနှိုင်း

၂၀၀၇ခုနှစ် ကူမင်း-ကိုလ်ကတ္တား ခရီးစဉ် တရုတ်-မြန်မာ-အိန္ဒိယ- ဘင်္ဂလားဒေ့ရှ် လေးနိုင်ငံ ကားမောင်းပြိုင်ပွဲဖြစ်မြောက်ရေး၊ ပါဝင်ယှဉ်ပြိုင်ရေးနှင့် ရှေ့ပြေးလေ့လာရေးခရီးစဉ်အကြို ပထမအကြိမ် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၇ရက် နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

စွန်ဖြတ်သရုပ်ပြပွဲနှင့် စွန်အလှပြပွဲကျင်းပ

မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် စွန်ဖြတ်သရုပ်ပြပွဲနှင့် စွန်အလှ ပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် အားကစားနှင့် ကာယပညာ ဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ဘောလုံးကွင်း(ကျိုက္ကဆံ ကွင်း)၌ ကျင်းပသည်။

ထို့နောက် စွန်ဝါသနာရှင်နှင့် စွန်လုပ်ငန်းရှင် ဦးချစ်ဆွေက မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်သို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ မြန်မာ့ရိုးရာအားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက လက်ခံကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား မြို့နယ်အသီးသီး၌ ကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရှေ့တွင် ဖေဖော်ဝါရီ ၁၂ရက်ကကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ဖတ်ကြားစဉ်။ (၃၂)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို စမ်းချောင်းမြို့နယ် အထက(၄)ခန်းမတွင် ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်း ဖတ်ကြားစဉ်။ (၀၄)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း ဖတ်ကြားစဉ်။(က-ပ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က သင်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။ (၅၀၆)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် တွင် မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ယနေ့မိုးလေဝသ

၁၃-၂-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၂-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ နမ္မတီးတံတား(ကံလှ)
၈:၂၀ ၉။ တေးဂီတအစီအစဉ်
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄:၅၅ ၅။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၀ ၆။ **“ဆွေမျိုးတော်ပေမယ့်” (ဒုရဲမှူးတင်လင်း၊ ဆောင်းအိမ်နွေ့ထွန်း၊ဇေဒါ) (ဒါရိုက်တာ-သက်တင်)**
၅:၁၅ ၇။ တေးဂီတအစီအစဉ်
၅:၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ညီမငယ်ပါသေး” (အပိုင်း-၁၆)**
၇:၄၅ ၁၃။ ပြည်ထောင်စုစိတ်ဓာတ် မပြတ် ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း-၂၄)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံးအဆောက်အအုံများနှင့် မြို့တော်ခန်းမတို့တွင် ရောင်စုံမီးများ ထွန်းညှိထားကြစဉ်။

(သတင်း–စာမျက်နှာ ၅) (သတင်းစဉ်)

ဝိဇ္ဇာသိဒ္ဓိ မဟာိဒ္ဓိစေတီ ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် တုလွတ်အောင်မြေ ကျောင်းတိုက်ကြီးအတွင်း၌ တည်ထားကိုးကွယ်တော်မူသော ဝိဇ္ဇာသိဒ္ဓိမဟာိဒ္ဓိ စေတီတော်၏ ဒသမအကြိမ်ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ ဝိလာသ၏ သက်တော်(၇၇) နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာ အထိမ်းအမှတ်(၂၁)ကြိမ်မြောက် ပဋ္ဌာန်းပူဇော်ပွဲကို ဖေဖော်ဝါရီ၂၁ရက်မှ၂၅ရက်အထိ ကျင်းပမည်ဖြစ်ရာ လှူဒါန်းကုသိုလ်ယူကြပါရန်နှင့် ဖုန်း–၆၆၁၆၆၉သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

အင်တာနက်မွေးမြူရေးသတင်း

အမေရိကန်ပျားများ ရောဂါကျရောက်နေ

သီးနှံများအောင်မြင်ရေး ဝတ်မှုံကူးရန် ပျားကောင်ငယ်များမှာ အရေးကြီးသောနေရာမှ ပါဝင်သည်။ (ဓာတ်ပုံ–အင်တာနက်)

စတိတ်ကောလိပ်(ပင်ဆယ်ဗေးနီးယား) ဖေဖော်ဝါရီ ၁၂

အမေရိကန်နိုင်ငံတစ်ဝန်း မွေးမြူထားသော မွေးမြူရေးပျားထောင်ပေါင်းများစွာသည် ထူးဆန်းသောရောဂါတစ်မျိုးကြောင့် သေဆုံးလျက်ရှိသည်။သို့ဖြစ်၍ပျားမွေးမြူရေးသမားများနှင့် ပျားတို့၏ ဝတ်မှုံကူးမှု အထောက်အကူပြု အကူအညီလိုအပ်သော စိုက်ပျိုးရေးလုပ်ငန်းများမှာ ထိုကိစ္စကြောင့် ထိခိုက်နိုင်စရာ အလားအလာများ ရှိနေကြောင်း တွေ့ရသည်။

ထိုထူးဆန်းသောရောဂါ အဘယ်ကြောင့် ဖြစ်ပွားလာရသည်ဆိုသော ဇာစ်မြစ်ကိုဖော်ထုတ်နိုင်ရန် ပညာရှင်များက ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ ထိုရောဂါသည် ပြည်နယ်ပေါင်း ၂၂ ပြည်နယ်တွင် ကျရောက်လျက်ရှိသည်။ မွေးမြူရေးသမားအချို့သည် ၎င်းတို့မွေးမြူထားသော ပျားကောင်ရေ၏ထက်ဝက်ခန့်မျှ ဆုံးရှုံးသွားကြရသည်။ ပျားအုံတစ်အုံတွင် ပျားများသည် ဆောင်းတွင်းအခါ၌ ၂၀၀၀၀ မျှရှိပြီး နွေရာသီကာလတွင် ကောင်ရေ ၆၀၀၀၀ မျှ ရှိသည်။

ယခုတစ်ကြိမ်တွင် ပျားများအပေါ် နှိပ်စက်နေသော ရောဂါပိုးတစ်မျိုး ကျရောက်နေသည်ကို ပင်ဆယ်ဗေးနီးယားတက္ကသိုလ် ကျွမ်းကျင်သူများထံ ပထမဆုံး အသိပေးအကြောင်းကြားခဲ့သူမှာ အသက် ၅၈နှစ်အရွယ်ရှိ ပျားမွေးမြူရေးသမားကြီး ဟာကင်ဘဒ်ပင်ဖြစ်သည်။ ၎င်း၏ပျားအုံပေါင်း ထောင်နှင့်ချီ၍ ဆုံးရှုံးပျက်စီးရပြီးနောက်ပိုင်း ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ပျားများ ရောဂါကျရသည့် အခြေအနေကို သတင်းပို့ခဲ့ခြင်းဖြစ်သည်။

မက်မုံပင်များကို ဝတ်မှုံကူးရာ၌ အကူအညီပေးမည်ဆိုသော ရည်ရွယ်ချက်ဖြင့် ပျားမွေးမြူရေးသမားတစ်ဦးသည် ပျားများကို ထရပ်ကား တစ်စီး အပြည့်တင်၍ ကာလီဖိုးနီးယားသို့ ခရီးထွက်ခဲ့သည်။ ခရီးဆုံးသို့ ရောက်သောအခါပျားများအားလုံး သေဆုံးနေသည်ကို တွေ့ခဲ့ရသည်ဟု ပင်ဆယ်ဗေးနီးယားမှ ကျွမ်းကျင်သူ ဒင်းနစ်ဗန်အင်ဂယ်လ်ဒေါပ်က ပြောကြားသည်။

(အင်တာနက်)

အင်တာနက်အားကစားသတင်းများ

ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းနိုင်သူများ

လန်ဒန် ဖေဖော်ဝါရီ ၁၂

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ စနေနေ့ပွဲစဉ်အပြီး ဂိုးအများဆုံး သွင်းနိုင်သူများမှာ အောက်ပါအတိုင်းဖြစ်သည်–

– ဒစ်ဒီယာဒရော့ဘာ(ချယ်လ်ဆီး)	**၁၇ ဂိုး**
– စီရိုနယ်လ်ဒို(မန်ချက်စတာယူနိုက်တက်)	**၁၅ ဂိုး**
– ရော်ဘင်ဗန်ပါစီ(အာဆင်နယ်)	
ယာကူဘူအယက်ဘီနီ(မစ်ဒယ်ဘရော့)	**၁၁ ဂိုး**
– ကီဗင်ဒွိုင်း(ရီးဒင်း)	
ဘင်နီ မက္ကာသီ(ဘလက်ဘန်း)	
သီယာရီဟင်နရီ(အာဆင်နယ်)	
ဖရန့်လမ်းပတ်(ချယ်လ်ဆီး)	
ဝိန်းရူနီ(မန်ချက်စတာယူနိုက်တက်)	
အင်ဝန်ကိုကာနူး (ပို့စ်မောက်)	
အိုဘာဖီမီမာတင်(နယူးကာဆယ်)	**၁၀ ဂိုး**

အင်တာနက်။

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ထိပ်တန်းအသင်း ၁၀ သင်း

လန်ဒန် ဖေဖော်ဝါရီ ၁၂

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ ဖေဖော်ဝါရီ ၁၂ ရက် အခြေပြ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်နေသော အသင်း ၁၀ သင်းမှာ အောက်ပါအတိုင်း ဖြစ်သည်–

အဆင့်	အသင်း	ရမှတ်
၁။	မန်ချက်စတာယူနိုက်တက်	၆၆
၂။	ချယ်လ်ဆီး	၆၀
၃။	လီဗာပူး	၅၀
၄။	အာဆင်နယ်	၄၉
၅။	ဘော်လ်တန်	၄၇
၆။	ရီးဒင်း	၄၃
၇။	ပို့စ်မောက်	၄၁
၈။	အဲဗာတန်	၃၉
၉။	နယူးကာဆယ်	၃၆
၁၀။	ဘလက်ဘန်း	၃၄

အင်တာနက်။

ချယ်လ်ဆီးမန်နေဂျာဖြစ်လာရန် ဂပ်စ်ဟိုက်ဒင့် ရည်မှန်းချက်မရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၂

ရုရှားလက်ရွေးစင်အသင်း၏နည်းပြ ဂပ်စ်ဟိုက်ဒင့်။(ဓာတ်ပုံ–အင်တာနက်)

မိမိသည် လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်တွင် ချယ်လ်ဆီးအသင်း၏မန်နေဂျာဖြစ်လာရန် စိတ်ဝင်စားခြင်းမရှိကြောင်း ရုရှားလက်ရွေးစင် ဘောလုံးအသင်း၏ နည်းပြ ဂပ်စ်ဟိုက်ဒင့်က ယနေ့ပြောကြားသည်။

ချယ်လ်ဆီးအသင်း၏ နည်းပြ ဟိုဆေးမော်ရင်ဟိုသည် ယခုနှစ်နွေရာသီတွင် ပရီမီယာလိဂ် ချန်ပီယံဖြစ်သည့် ယင်းအသင်းမှ နုတ်ထွက်ဖွယ်ရှိကြောင်း မကြာသေးမီက သတင်းများ ပေါ်ထွက်ခဲ့သည်။

ဒတ်ချ်လူမျိုး ဟိုက်ဒင့်သည် ချယ်လ်ဆီးအသင်း၏ မန်နေဂျာဖြစ်လာနိုင်သည်ဟု အများက ခန့်မှန်းသေးသည်။ ဟိုက်ဒင့်သည် ပီအက်စ်ဗွီအိန်းဟိုဗင်နှင့် နယ်သာလန်အသင်းတို့ကဲ့သို့သော အသင်းကြီးများကို ကိုင်တွယ်ခဲ့ဖူးသည့် အတွေ့အကြုံရှိခြင်းကြောင့် လည်းကောင်း၊ ချယ်လ်ဆီးအသင်းပိုင်ရှင် ရိုမန်အီဘရာမိုဗစ်ချ်နှင့် ရင်းနှီးမှုရှိခြင်းကြောင့်လည်းကောင်း ယင်းသို့ ခန့်မှန်းခြင်းဖြစ်သည်။

မိမိသည် ရုရှားလက်ရွေးစင်အသင်းကို ၂၀၀၈ခုနှစ်နွေရာသီအထိ တာဝန်ယူသွားမည်ဖြစ်ကြောင်း ဟိုက်ဒင့်ကပြောကြားသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၁၀ရက်က စတန်းဖို့ဒ်ဘရစ်ဂျ်ကွင်းတွင် ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၌ ချယ်လ်ဆီးအသင်းမှ ဒရော့ဘာ(ဝဲ)နှင့် မစ်ဒယ်ဘရော့အသင်းမှ အင်ဒရူးတေလာတို့အား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



အဲဗာတန်အသင်းမှ အင်ဒီဗန်ဒါမိုက် နုတ်ထွက်ဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၂

မိမိသည်ပထမဦးစားပေးဘောလုံးသမားစာရင်းတွင်ပါဝင်ခွင့်မရပါက အဲဗာတန်အသင်းမှ နုတ်ထွက်မည်ဖြစ်ကြောင်း ယင်းအသင်းမှ တောင်ပံဘောလုံးသမားအင်ဒီဗန်ဒါမိုက်က ယနေ့ပြောကြားသည်။

အသက် (၂၇)နှစ်အရွယ်ရှိ နယ်သာလန်လက်ရွေးစင်ဘောလုံးသမားဟောင်း ဗန်ဒါမိုက်သည် လက်ရှိဘောလုံးရာသီတွင် အဲဗာတန်အသင်းအတွက် ခုနစ်ပွဲမျှသာပါဝင်ကစားခွင့်ရခဲ့သည်။ ၎င်းသည် လွန်ခဲ့သည့် ၁၈လက အီတလီနိုင်ငံမှ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

မိမိသည် အဲဗာတန်အသင်းတွင် အရန်ဘောလုံးသမားအဆင့်တွင်သာ ဆက်လက်ရှိနေမည်ဆိုပါက အီတလီနိုင်ငံသို့ ပြန်သွားမည်ဖြစ်ကြောင်း ဗန်ဒါမိုက်ကပြောကြားသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အဲဗာတန်အသင်းမှ အင်ဒီဗန်ဒါမိုက်အား တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ တာလွှတ်၊ ၁၀၇ဦး ပါဝင်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ တာလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၆နာရီတွင် ရန်ကုန်မြို့ လှိုင်ယာအားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏအားကစားကွင်းရှေ့) ဝေဇယန္တာလမ်းမပေါ်၌ ကျင်းပသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို စတင်တာလွှတ်ပေးစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားသမားများအား အားပေးစကား ပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

တာလွှတ်ပေး

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးကာ ပြိုင်ပွဲများ စတင်ကျင်းပသည်။

ပြိုင်ပွဲခရီးစဉ်

အဆိုပါ ပြိုင်ပွဲသို့ပြိုင်ပွဲဝင် ၁၀၇ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲခရီးစဉ်အဖြစ် ရန်ကုန်–လက်ပံတန်း–ပြည်–မကွေး–မြင်းခြံ–မန္တလေး–မိတ္ထီလာ–ပျဉ်းမနား–နေပြည်တော်– တောင်ငူ– ညောင်လေးပင်–ရန်ကုန်မြို့များသို့ ခရီးရှည် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စတင်ယှဉ်ပြိုင်

ရန်ကုန်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို လှိုင်ယာအားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းရှေ့မှ တာလွှတ်ရာ ပြိုင်ပွဲဝင်စက်ဘီး အားကစားသမားများ စတင်ယှဉ်ပြိုင် စီးနင်းကြစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

GRAND ROYAL
SPECIAL RESERVE
Golf Championship

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက် ပြိုင်ပွဲ၏ ဒုတိယလက်ရည်စစ်ပြိုင်ပွဲ ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် တောင်ကြီးမြို့ အေးသာယာ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ပြိုင်ပွဲတွင် ပထမရရှိသော ရဲရန်အောင်အား ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဂေါက်ကွင်း၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ပြိုင်ပွဲ၏ ဒုတိယနေ့(၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးက ပြိုင်ပွဲတွင် Nett Total ၁၄၁ချက်ဖြင့် ပထမရရှိသော ရဲရန်အောင်အား Trophy နှင့် ရွှေပြားဆုကို ပေးအပ်ချီးမြှင့်ပြီး Nett Total ၁၄၁ချက်ဖြင့် ဒုတိယရရှိသော သူရကျော်အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က Nett Total ၁၄၁ချက်ဖြင့် တတိယရရှိသော ကံချွန်၊ Nett Total ၁၄၂ချက်ဖြင့် စတုတ္ထရရှိသော မြင့်စိုးအောင်နှင့် Nett Total ၁၄၂ချက်ဖြင့် ပဉ္စမရရှိသော ဉာဏ်ဝင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုများ

ယင်းနောက် IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက Putting Challeng ပြိုင်ပွဲတွင် အနိုင်ရရှိသော တင်အောင်နိုင်အားလည်းကောင်း၊ Hole No (၁၄) တွင် Eagle ရရှိသော ဟန်ဝင်းအောင်အားလည်းကောင်း၊ IBTCမှ Production ဒါရိုက်တာ ဦးဇော်ထိုက်က ကိုက် ၃၁၀ ဖြင့် Longest Drive ဆုရရှိသော သူရကျော်အားလည်းကောင်း၊ နှစ်ပေ ခြောက်လက်မဖြင့် Nearest to the pin ဆုရရှိသော မြင့်စိုးအောင်အား လည်းကောင်း၊ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက နှစ်သိမ့်ဆုရရှိကြသော ပဉ္စမမှအဋ္ဌမအထိ Amateur Golfers များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြည်က နှစ်သိမ့်ဆုရရှိကြသော ပထမမှ စတုတ္ထအထိ Amateur Golfers များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsorမှာ International Beverages Trading Co., Ltd. ဖြစ်၍ Co-sponsors များအဖြစ် Air Manadlay, Hotel Nikko, Srixonနှင့်ALPINE တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ဒုတိယလက်ရည်စစ် ဂေါက်သီးရိုက် ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုလံပစ်ခြေစစ်ပွဲ ဒုတိယအကျော့ယှဉ်ပြိုင်ရန် မြန်မာဘောလုံးအသင်း အိန္ဒိယနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဖေဖော်ဝါရီ ၁၄ ရက်တွင် အိန္ဒိယနိုင်ငံ၌ကျင်းပမည့် ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ အာရှဇုန် ပထမအဆင့် ခြေစစ်ဘောလုံးပြိုင်ပွဲအဖြစ် မြန်မာအိုလံပစ်အသင်းနှင့်အိန္ဒိယ အိုလံပစ်အသင်းတို့၏ ခြေစစ်ပွဲဒုတိယ အကျော့ပွဲစဉ် ယှဉ်ပြိုင်ကစားရန် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ခေါင်းဆောင်သည့် မြန်မာအိုလံပစ်အသင်းသည် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြသည်။

လိုက်ပါသွား

မြန်မာအိုလံပစ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းအောင်၊ အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်၊ နည်းပြချုပ်အဖြစ် ဦးသန်းဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်၊ ဆေးမှူးအဖြစ် ဒေါက်တာ အုပ်စိုးညီ၊ သူနာပြုအဖြစ် ဦးညွန့်လင်း၊ အားကစားသမားများအဖြစ် ဂိုးသမား–ကျော်ဇင်ထက်၊ ဟိန်းကျော်သူ၊ နောက်တန်း–မိုးဝင်း၊ ဇော်ထက်အောင်၊ ဟန်ဝင်းအောင်၊ အေးစန်း၊ အောင်ဝင်းနိုင်၊ ထူးကျော်၊ အလယ်တန်း – ခင်မောင်ထွန်း၊ ခင်မောင်လွင်၊ အောင်မျိုးသန့်၊ အောင်မြင့်အေး၊ ကျော်သီဟ၊ စိုးသီဟအောင်၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ ရှေ့တန်း–စည်သူဝင်းနှင့် လှအေးထွေး စုစုပေါင်း ၂၅ဦး လိုက်ပါသွားသည်။

(ကြေးမုံ)

မြန်မာအိုလံပစ်အသင်း

အိန္ဒိယ အိုလံပစ်အသင်းနှင့် ခြေစစ်ပွဲ ဒုတိယအကျော့ယှဉ်ပြိုင်ကစားရန်ထွက်ခွာသွားသော မြန်မာ အိုလံပစ် ဘောလုံးအသင်းအား တွေ့ရစဉ်။ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာဂေါက်သီးရိုက် အသင်းတွင် ဦးတင်သောင်း (မြန်မာ့သစ်လုပ်ငန်း) သည် ကစားဖော်များ ဖြစ်ကြသော ဦးရဲထွန်းနိုင်၊ ဦးသူရဝင်းတို့နှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက်က ဂေါက်သီးရိုက်ကစားကြရာ Titleist ProVI No.392 ဘောလုံးကို Wilson Iron No.(8) တုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၂ ကိုက်ရှိ ကျင်းအမှတ်(၁၂)တွင် တစ်ချက်တည်းဖြင့်ကျင်းဝင်သွားသည်။

(ကြေးမုံ)

ပြည်ပဩဇာခံ၊ သံယောင်လိုက်၊ နောက်မြီးဆွဲ နိုင်ငံရေးလုပ်စားသူများအား ထုတ်ပယ်ဖျက်သိမ်းပြီး ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏သမိုင်းကြောင်းကို မြန်မာနိုင်ငံ၏ သမိုင်းရေးလိုအပ်ချက်နှင့်ပေါင်းစပ်လျက် ငြိမ်းချမ်းရေးအောင်ပွဲ ရယူဆင်နွှဲကြပြီ

အကြောင်းအမျိုးမျိုးဖြင့် ကျန်ရစ်ခဲ့သည့် ရဲဘော်များကို လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုဆိုနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ကရင်အမျိုးသားအစည်းအရုံး (KNU) / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ ဦး စုစုပေါင်းအင်အား ၃၂၀ သည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို နားလည်ယုံကြည်လက်ခံပြီး လက်တွဲပူးပေါင်းဆောင်ရွက်ရန်အတွက် ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ကြသည်။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ ကျင်းပခဲ့ရာ ငြိမ်းချမ်းရေးကို နှစ်ရှည်လများ လိုလားတောင့်တနေကြသော ဒေသခံတိုင်းရင်းသား ပြည်သူများက နှစ်ထောင်းအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့အတူ ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသားပြည်သူများကလည်း ကရင်ပြည်နယ်သူ ပြည်နယ်သားများနှင့် ထပ်တူထပ်မျှ အားရဝမ်းသာ ပီတိဖြာလျက်ရှိနေကြပြီး အခြားပြည်နယ်/တိုင်းများနည်းတူ ကရင်ပြည်နယ်တစ်ခွင်လုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးစီးပွား ရလဒ်များ ရရှိခံစားနိုင်စေကြောင်း မျှော်လင့်တောင့်တ ဆန္ဒပြုနေကြသည်ဟု သိရသည်။

နိုင်ငံတော်ကလည်း KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား လှိုက်လှဲပျူငှာ နွေးထွေးစွာ ကြိုဆိုပြီး KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအခြေခံဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ စီမံဆောင်ရွက် ဖြည့်ဆည်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါအခမ်းအနား၌ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ရှင်းလင်းပြောကြားခဲ့သည့် ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့သည့် ရည်ရွယ်ချက်များနှင့် ဆန္ဒသဘောထားမှာ လေးစားအားကျဖွယ်ဖြစ်၍ ပူးတွဲပါအတိုင်း ကောက်နုတ် ဖော်ပြလိုက်ပါသည်။

(သတင်းစဉ်)

☆ ငြိမ်းချမ်းရေး၏တန်ဖိုးကို စစ်တိုက်ဖူးသူများနှင့် စစ်ဘေးစစ်ဒဏ် ခံရဖူးသူများသာ အသိဆုံးဖြစ်။

☆ ယနေ့ နိုင်ငံတကာနှင့် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကို ဆင်ခြင်သုံးသပ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိသမျှ ဒေသခံကရင်လူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်မဟုတ်ကြောင်း ခိုင်မာပြတ်သားစွာဆုံးဖြတ်ခဲ့။

☆ မိမိသည် ကရင်အမျိုးသားရေးလှုပ်ရှားမှုအပေါ် သမိုင်းကြောင်းနှင့်ယှဉ်ပြီး သစ္စာရှိခဲ့သူတစ်ဦးဖြစ်သည့်အတွက် ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း တောင့်တနေသည့် ကရင်လူထု၏ဆန္ဒအား အလေးထား။

☆ တကယ်ဆိုလျှင် မိမိတို့သည် ငြိမ်းချမ်းရေးနှင့် လက်တစ်ကမ်းအလိုအထိ မကြာခဏရောက်ရှိခဲ့။

☆ သို့ရာတွင် ပြည်ပအဖွဲ့အစည်းများ၏ ဩဇာခံ၊ သံယောင်လိုက်၊ နောက်မြီးဆွဲများက ကရင်အမျိုးသားရေးနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသည့် တောင်းဆိုချက်များကို ပြည်ပအလိုကျ ရှေ့တန်းတင်ခဲ့သောကြောင့် အကြိမ်ကြိမ်ပျက်ပြားခဲ့ရ။

☆ ထို့ကြောင့်ပင် ကရင်ပြည်နယ်နှင့် ကရင်တိုင်းရင်းသားများသည် စစ်၏ဓားစာခံများအဖြစ် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးပေါင်း မြောက်မြားစွာကို လက်လွှတ်ဆုံးရှုံးခဲ့ပြီး စစ်၏ဆိုးကျိုးများကို ခါးစည်းခံနေကြရသည်မှာ (၅၈)နှစ်ကျော်ကြာခဲ့ပြီဖြစ်။

☆ ထို့ကြောင့် မဲဆောက်မြို့ပေါ်မှာနေပြီး နေတစ်ပြောက်အထိုးမခံ၊ ချွေးတစ်စက်အစို့မခံဘဲ KNU၏ အရှိန်အဝါကို အရောင်နှိုက် မောင်ပိုင်စီးနေသူများ၊ အစဉ်အလာကြီးမားသည့် KNLA ကို လက်ကိုင်တုတ်လုပ်ပြီး ဒုက္ခပင်လယ်ဝေနေရသည့် ဒေသခံလူထု၏ ဆုံးရှုံးနစ်နာမှုများအပေါ် အမြတ်ထုတ် နိုင်ငံရေးလုပ်စားသူများကို ထုတ်ပယ်ဖျက်သိမ်း။

☆ လက်နက်ကိုင်တိုက်ပွဲများ ကင်းစင်သည့် ငြိမ်းချမ်းရေးအခြေခံဒေသများတည်ဆောက်ရန် ငြိမ်းချမ်းရေး ရယူခဲ့ခြင်းဖြစ်။

☆ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကိုဖယ်ရှားပြီး ဒေသခံလူထု အမှန်တကယ် တွေ့ကြုံခံစားနေရသည့် လက်နက်ကိုင်ပဋိပက္ခ၏ဆိုးကျိုးများ ပပျောက်ချုပ်ငြိမ်းအောင် ထာဝရဦးတည် ဆောင်ရွက်သွားမည်။

☆ ယခုကဲ့သို့ KNU/KNLA ငြိမ်းချမ်းရေးကောင်စီက စေတနာနှင့် လုပ်ရပ်မှန်ကန်သည့် တပ်မတော် အစိုးရနှင့် လက်တွဲလိုက်ခြင်းသည် KNUနှင့် KNLA၏ သမိုင်းကြောင်းကို နိုင်ငံတော်၏ သမိုင်းရေး လိုအပ်ချက်နှင့် ပေါင်းစပ်လိုက်ခြင်းပင်ဖြစ်။

☆ လက်တွေ့ကျသည့် ကရင်အမျိုးသားရေးလှုပ်ရှားမှုကို လုပ်ဆောင်လိုက်ခြင်းလည်းဖြစ်။

☆ ယင်းဆောင်ရွက်ချက်သည် ကရင်အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီး မျှော်မှန်းခဲ့သည့် ကရင်အမျိုးသားရေးမျှော်မှန်းချက်မှုများနှင့် ဗိုလ်ချုပ်ကြီးစောဘိုမြ အမြော်အမြင်ရှိရှိ လမ်းစဖော်ပေးခဲ့သည့် ငြိမ်းချမ်းရေးလမ်းစဉ်ကို အကောင်အထည်ဖော်လိုက်နိုင်ခြင်းဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူ။

☆ အကြောင်းအမျိုးမျိုးဖြင့် ကျန်ရစ်ခဲ့သည့် ရဲဘော်များအား ကရင်ပြည်နယ် ငြိမ်းချမ်းရေး၊ ဒေသခံလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုဆိုနေ။